# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ဌ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက ဇွန် ၁၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ



**"မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၆)**

(အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)

ဆောင်းပါး | စာ ၁၀



**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ**

ပြည်တွင်းသတင်း | စာ ၁၇

မြန်မာ့အလင်း

# ပြည့်အင်အား

အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် တစ်လပြည့်မြောက်သည့် အချိန်တွင် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်မှု အခြေအနေမှာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာထားသည့် ရခိုင်ပြည်နယ်မှ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနှင့် မြေပုံ မြို့နယ်များ၊ ချင်းပြည်နယ်မှ တီးတိန်၊ ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့နယ်များတွင် မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မိုခါဆိုင်ကလုန်းမုန်တိုင်းသည် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ချိန်တွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀ အထိ အင်အားအလွန်ပြင်းထန်ကာ အဖျက်စွမ်းအားကြီးမားခဲ့ပြီး ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေအနီးမှ ဖြတ်သန်းခဲ့ခြင်းကြောင့် အပျက်အစီးပမာဏ လွန်စွာများပြားခဲ့သည်။ သို့ရာတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသမျှမှာ မရွှေ့မပြောင်းနိုင်သော အဆောက်အအုံ၊ အိမ်ရာ၊ လမ်းတံတား၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး၊ သာသနိက အဆောက်အအုံများ၊ သစ်ပင်များ စသည်တို့ဖြစ်ပြီး လူထိခိုက်ဆုံးရှုံးမှုမှာ မုန်တိုင်း၏ ပမာဏနှင့် နှိုင်းယှဉ်ပါက အနည်းဆုံးသာဖြစ်ခဲ့သည်။ ဤသည်မှာ မုန်တိုင်း မဝင်မီကာလကပင် နိုင်ငံတော်အဆင့် ဆောင်ရွက်ခဲ့သည့် ကြိုတင်ပြင်ဆင်မှု၊ အချိန်နှင့်တစ်ပြေးညီ သတိပေးမှု၊ အသိပညာပေးမှုများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ရရှိလာသည့် ရလဒ်ဖြစ်သည်။

အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၅၂ ဘီလီယံခန့်ရှိရာ နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံတွင် ဆုံးရှုံးမှုကြီးမားမည်ဟု ခန့်မှန်းခဲ့ကြခြင်းဖြစ်သော်လည်း စည်းလုံးညီညွတ်စွာဖြင့် ကြိုတင်ပြင်ဆင်မှုများကို ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်ခဲ့သည်။ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက အင်တိုက်အားတိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်။ အချို့အသက်ပေးခဲ့ရသည်။

မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုခြင်းအခမ်းအနားကို ဇွန် ၁၄ ရက်က စစ်တွေမြို့လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ ကျင်းပခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် "ကိုယ်ကျိုးစွန့် အနစ်နာခံ၍ အနေအစားဆင်းရဲစွာဖြင့် မုန်တိုင်းထိခိုက်ခဲ့သော နေရာများတွင် အားတက်သရော ဝင်ရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအပေါ် အလျဉ်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မှာကြားခဲ့ကြောင်း။ ယခုကဲ့သို့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှုမြင်ကွင်းနှင့် ယခုတစ်လပြည့်ကာလ ပြန်လည်ထူထောင်ပြီးစီးမှုမြင်ကွင်းသည် ဝမ်းသာအားရ ကျေနပ်ဖွယ်ပြောင်းလဲနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်၏ အစီအမံဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနှင့် ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြုပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အား မူလအခြေအနေထက် ပိုမိုကောင်းမွန်ရမည်ဟူသော နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ဆောင်ရွက်နေခြင်းဖြစ်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်သူများကလည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာမြင့် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၅

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ



နေပြည်တော် ဇွန် ၁၅

နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူ အပန်းဖြေ ခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဇွန် ၁၁ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ အနားယူအပန်းဖြေ ခရီးစဉ်သွားရောက်ခဲ့သည့် အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင် အားကစားများ ဆောင်ရွက်ခြင်း၊ အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားကြီး၊ ချောင်းသာမြို့ရှိ ကျောက်မောင်နှမစေတီ၊ တဂေါင်းဘုရား၊ လေးကျွန်းရန်အောင် ဖောင်တော်ဦးဘုရားတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာသဲဖြူကျွန်း၊ ရွှေသောင်ယံ၊ အဏ္ဏဝါသိပ္ပံ၊ ပုသိမ်ဟာလဝါ လုပ်ငန်းနှင့် ပုသိမ်ထီးလုပ်ငန်း စသည့် အထင်ကရနေရာများသို့ သွားရောက် လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။(အောက်ပုံ)

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေ၌ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်တွင် ဘောလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သံတွဲမြို့ရှိ မဒေးတောင်ဘုရား၊ ဆံတော်၊ အံတော်၊ နံတော် ဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပုလဲကျွန်း၊ ပေါင်ဝန်တံတား၊ ငပလီဈေး၊ ငပလီကမ်းခြေများ စသည့်အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုကဲ့သို့ ဇွန် ၁၁ ရက်မှ ယနေ့အထိ ငါးရက်ကြာ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့် အဖွဲ့များသည် ယနေ့တွင် စုရပ်နေရာများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ပြန်လည်ရောက်ရှိကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအသီးသီးရှိ တန်ခိုးကြီး ဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များအနေဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ အပန်းဖြေခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ပေးခဲ့သည့် တပ်မတော် အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကာ စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၁၅

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ရသေ့တောင်မြို့တွင် ၅ ဒသမ ၁၁ လက်မ၊ လောင်းလုံးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ လှည်းကူးမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ရန်ကုန်(မရမ်းကုန်းမြို့နယ်) နှင့် ထားဝယ်မြို့တို့တွင် ၄ ဒသမ ၃၇ လက်မစီ၊ ခရမ်းမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၃ ဒသမ ၁၁ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၀၈ လက်မနှင့် အမ်းမြို့တွင် ၃ ဒသမ ၀၃ လက်မတို့ဖြစ်သည်။ **မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆင်းတုတော်ငယ်များ ထုဆစ်နေမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများတိုးတက်မှု၊ ဆင်းတုတော်ကြီးအား ဆေးသကၤန်းကပ်ခြင်းနှင့် လက်မှုအချောထည်များ ထုဆစ်ခြင်းဆောင်ရွက်နေမှု၊ အလှပန်းကနုတ်များအား Mobile CNC ဖြင့် ထုဆစ်၍ ပလ္လင်တော်တွင် တပ်ဆင်မှုနှင့် အပတ်စဉ်လုပ်ငန်းတိုးတက်မှုအခြေအနေများကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဗုဒ္ဓဥယျာဉ်အတွင်း သာသနိကအဆောက်အအုံများ၊ ရေပန်းရင်ပြင်၊ ရင်ပြင်တော်၊ ဂန္ဓကုဋ္ဌိတိုက်၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရားတည်ဆောက်ခြင်း၊ သာသနဗိမာန် တည်ဆောက်ခြင်းနှင့် ကျောက်စာရုံစေတီများ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပြီးစီးမှု၊ တံခွန်တိုင်တည်ဆောက်နေမှု၊ ဂန္ဓကုဋ္ဌိတိုက်များ တည်ဆောက်ပြီးစီးမှု၊ မဟာဗောဓိညောင်ပင် ရှင်သန်ဖြစ်ထွန်းမှု၊ သာသနဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှု၊ ရေပန်းရင်ပြင် တည်ဆောက်ပြီးစီးမှု၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှု၊ နဂါးရုံဘုရားနှင့် မုစလိန္ဒအိုင် တည်ဆောက်ပြီးစီးမှုနှင့် ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်**

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှု ရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းအထိ ရေလမ်းကြောင်းဖြင့်လည်းကောင်း၊ ၎င်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နေပြည်တော်သို့ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

**ထုဆစ်မှုမှာ ၉၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင်လည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ (၇)ရက် သား၊ သမီး၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

## ❑ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်

*စာမျက်နှာ ၃ မှ*

ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ဇန်နဝါရီ ၂၇ နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် အောင်မြင်စွာ ပြုလုပ်ပြီးစီးခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ၊ ပြည်သူ ပြည်သားများအားလုံး ဝမ်းမြောက်နုမောဒ်သာဓုခေါ်ဆိုခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆင်းတုတော်အပိုင်း ၄ ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း။

**ခေတ်မီစက်ကိရိယာများ အသုံးပြု**

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့် နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သော သာသနဗိမာန်တော်ကြီးအပါအဝင် အခြားသော သာသနိကအဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက် ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာ ဋီကာကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိပြီး ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအခါ သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၆ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဂါးရုံဘုရားနှင့် မုစလိန္ဒအိုင် တည်ဆောက်ပြီးစီးမှုနှင့် ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





ကျောက်စာရုံစေတီတော်များနှင့် ရေပန်းရင်ပြင် တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

## မိုခါ မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများအတွက် ထောက်ပံ့ငွေများပေးအပ်

**ပလက်ဝ ဇွန် ၁၅**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် မိုခါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့်စာသင်ကျောင်းများ၊ ဘာသာ/သာသနာအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပလက်ဝမြို့နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် နေဝင်းအောင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဝေ၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးသိန်းစိုးဦးနှင့် ခရိုင်ပညာရေးမှူး ဦးဝင်းအောင်တို့က လေဘေးသင့်စာသင်ကျောင်း ၁၄ ကျောင်းအတွက် ငွေကျပ် ၃၇၇၉၇၀၀၀ နှင့် သာသနိကအဆောက် အအုံ ခြောက်ခုအတွက် ငွေကျပ် ၄၃၉၀၀၀၀ စုစုပေါင်းငွေကျပ် ၄၂၁၈၇၀၀၀ ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သဘာဝဘေးပြန်လည်ထူထောင်ရေးတာဝန်ခံဗိုလ်မှူးချုပ် နေဝင်းအောင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေဘေးသင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

## ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၅

စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရသေ့တောင်မြို့သို့ သွားရောက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း

ဦးစွာ ရသေ့တောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် တပ်မတော်မှ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ၌ မွေးဖွားသည့် အမြွှာကလေးငယ်များအား ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မုန်တိုင်းအန္တရာယ် ထိခိုက်မှုပြင်းထန်သောမြို့များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေကို တစ်လတာကာလအတွင်း ပြီးစီးမှုအခြေအနေအား မျက်မြင်သိလို၍ လာရောက်ခြင်းဖြစ်ပြီး မေ ၁၈ ရက်တွင် လာရောက်မှုနှင့် ယခုလာရောက်ကြည့်ရှုခဲ့သည့်မြင်ကွင်းမှာ များစွာတိုးတက်လာမှုကို တွေ့ရကြောင်း ဦးစွာပြောကြားသည်။

ယင်းနောက် ယခုနှစ် စိုက်ပျိုးရာသီအတွက် လိုအပ်သော မျိုးစပါးများအတွက် အချိန်မီရရှိအောင် စီမံပေးမှုအခြေအနေများ၊ ရေငန်ကာ တာတမံများ ကျိုးပေါက်မှုကို ပြင်ဆင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ သောက်သုံးရေကန်များ ပြန်လည်ဆယ်တင်၍ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် လက်ရှိစာသင်ကြားနေမှုအခြေအနေများ၊ အခြေခံလူတန်းစားများ စားဝတ်နေရေးပြေလည်စေရန် မုန်တိုင်းမတိုက်ခတ်မီကပင် စုဆောင်းထားသည့် အရန်ဆန် တန်ချိန် ၁၀၀၀၀ (အိတ် ၂၀၀၀၀၀) မှ ထပ်မံထောက်ပံ့ပေးနိုင်မည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

### လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းသို့သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ ပြည်သူ့ဆေးရုံသို့သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆေးရုံပင်မအဆောက်အအုံအား ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများကို စစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့အား လိုက်လံကြည့်ရှုစစ်ဆေး အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့တွင် စစ်တွေတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်းများအား လိုက်လံကြည့်ရှု စစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမများတွင် သီးခြားစီတွေ့ဆုံ၍အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် လေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀ ခန့် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံ၍ ကျော်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ မုန်တိုင်းအလွန် ကာလတွင်လည်း နေရေး၊ စားရေး၊ ကျန်းမာရေး အခြေအနေများကို သိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ဦးစားပေးအရ အမိုးအကာအောက်ကို မိသားစုအားလုံး လုံလုံခြုံခြုံဖြင့် ရောက်ရှိနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစု၊ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်းတွင် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသူများဖြစ်

တပ်မတော်သားများ အနေဖြင့် အထက်မှ ပေးအပ်သော တာဝန်ကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ မိသားစုအတွက် နောက်ဆံမတင်းဘဲ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်နိုင်ရန် မိသားစု လုံလုံခြုံခြုံနေထိုင်စားသောက်နိုင်ရန် တာဝန်ရှိသူများက စီမံပေးရန်လိုကြောင်း။

အလားတူ စားသောက်ရေးသည် အရေးအကြီးဆုံးဖြစ်ပြီး တပ်မတော်မှ ချမှတ်ပေးထားသော စိုက်ပျိုးမွေးမြူရေးလမ်းညွှန်ချက်များနှင့်အညီ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုနှစ် စိုက်ပျိုးရေးရာသီအတွင်း ပြန်လည်စိုက်ပျိုးနိုင်သည်အထိ ကြိုးပမ်းသွားရန်နှင့် လိုအပ်သောမျိုးများကိုလည်း တစ်ပါးတည်း ပေးအပ်ခဲ့မည်ဖြစ်ကြောင်း။

တစ်နာရီလျှင် မိုင် ၁၂၀ အထိ တိုက်ခတ်ခဲ့သော အင်အား အလွန်ပြင်းထန်သည့် မုန်တိုင်းဖြစ်သော်လည်း နိုင်ငံတော်အပိုင်းမှ ကြိုတင်ပြင်ဆင်မှု၊ အသိပညာပေးမှုများ ပြုလုပ်ခဲ့ခြင်းနှင့် အားလုံး၏ လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးသာ ကြုံတွေ့ခဲ့ရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အားလုံးတက်ကြွစွာဖြင့် လိုက်ပါ ဆောင်ရွက်သွားရန် လိုကြောင်း။

## ပညာတတ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန်လို

ပညာရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးနှင့် ကျောင်းနေသူအားလုံးသည်လည်း တန်းစဉ်မပြတ်ဘဲ အနည်းဆုံး KG+9 အောင်မြင်သည်အထိ စာသင်ကြားနိုင်ရေး နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးဆိုင်ရာ မူဝါဒပေးထားရာ မိမိတို့၏ သားသမီးများကို ပညာတတ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဟု မူဝါဒချမှတ်ထားရာ လိုအပ်သောဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အချိန်မီ ရောက်ရှိရန် ကြိုးပမ်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များ မုန်တိုင်းအလွန် ဝမ်းပျက်ဝမ်းလျှောကဲ့သို့ နောက်ဆက်တွဲရောဂါများ ကင်းဝေးစေရန် သန့်ရှင်းသော သောက်သုံးရေမှအစ သုံးရေအထိ သတိပြုသုံးစွဲကြရန်လိုကြောင်း။

တပ်မတော်သား မိသားစုဝင်များအနေဖြင့် ဆက်လက် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစု၊ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များအား ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရသေ့တောင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစု၊ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်များ၏ မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၆ မှ*

**ဆေးရုံအတွင်း လိုက်လံကြည့်ရှု**

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**နေပြည်တော် ဇွန် ၁၅**

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်ဖြူ၊ ငါးသေတ္တာ၊ လက်ဖက်/ အကြော်စုံ၊ ဟင်းသီးဟင်းရွက် စသည့်စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် ဆေးပစ္စည်း ၇ ဒသမ ၄ တန်တို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် (လေ) မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေး ပစ္စည်း ၅၃၂ ဒသမ ၁ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၃၃၇ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက် ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော် လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(ယာပုံ)**

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊ အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာအသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ခရစ်ယာန်ဘာသာရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ သက္ကယ်ပြင် IDP Camp တွင် နေထိုင်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

❖ *ကျောဖုံးမှ*

ဦးစွာ ဘုရားကျောင်း ကျောင်းထိုင်ဆရာတော် ဦးလှိုင်ဝင်းက မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘာသာရေးဆိုင်ရာများ ဆွေးနွေးတင်ပြသည်။

**ပူးပေါင်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်သက်ရာ ဘာသာအပေါ် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသော်လည်း အားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသူများသာဖြစ်၍ နိုင်ငံတော်၏သစ္စာကို စောင့်သိရန်လိုကြောင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်၍ သုခ၊ ဒုက္ခမှန်သမျှတို့ကို အေးအတူပူအမျှ မျှဝေခံစားကြရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် မိုခါမုန်တိုင်း၏ ထိခိုက်မှုအပေါ် အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သာသနိကအဆောက်အဦများနှင့်ပတ်သက်၍လည်း အလေးထားပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်ပြင်ဆင်ခဲ့မှုများကြောင့် မုန်တိုင်းမှာ အလွန့်အလွန်ပြင်းထန်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြင့် ရင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်ထူထောင်ရေးတွင်လည်း ပူးပေါင်းပါဝင်ခဲ့မှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်၍ ပြန်လည်ထူထောင်ရေးတွင်လည်း ဆရာတော်များနှင့် ဘာသာဝင်များက တစ်တပ်တစ်အား တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ အဖထာဝရဘုရားရှင်၏ နာမတော်ကျေးဇူးတော်တို့ဖြင့် ဘာသာသာသနာအကျိုးကို အကောင်းဆုံး ထမ်းဆောင်နိုင်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားပြီးခရစ်ယာန် ဘာသာရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ သက္ကယ်ပြင် IDP Camp တွင် နေထိုင်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**အစွန်းမရောက်အောင်ထိန်းသိမ်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သက္ကယ်ပြင် IDP Camp သို့ သွားရောက်၍ အဆိုပါ IDP Camp တွင် နေထိုင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို နိုင်ငံတော်၏ အကောင်းအဆိုးမှန်သမျှကို အားလုံးဝေမျှခံစားရသည့် အခြေအနေများ၊ ယခုအခါ မိုခါမုန်တိုင်း၏ ဘေးအန္တရာယ်ကိုလည်း ခံစားခဲ့ရသလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ နိုင်ငံတော်၏ စေတနာအပေါ် သိရှိနားလည်ရန် လိုအပ်သည့် အခြေအနေများ၊ အခြေခံဥပဒေအရ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသော်လည်း မည်သည့်ဘာသာကိုးကွယ်သည်ဖြစ်စေ အစွန်းမရောက်အောင် ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများ၊ မိမိနေထိုင်ရာပတ်ဝန်းကျင်အလိုက် ကျေးရွာ၊ မြို့၊ ရွာများ သန့်ရှင်းသာယာလှပစေရန် ဝိုင်းဝန်းလုပ်ကိုင်ရန် လိုအပ်သည့် အခြေအနေများ၊ အမြင်မတော်သည်များကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသလို ကိုယ်ထူကိုယ်ထဖြင့် လုပ်ဆောင်ရန်လည်း လိုအပ်သည့် အခြေအနေများ၊ ပြည်နယ်အနှံ့ ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေနိုင်သော်လည်း ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စားရေးအဆင်ပြေစေရန်နှင့် အမိုးအကာအောက်တွင် လုံခြုံစွာနေထိုင်နိုင်ရေး အတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များနှင့် တာပေါ်လင်လိပ်များ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

Forever FC ဘောလုံးအသင်းတို့သည် လည်းကောင်း၊ ညွှန့်ပေါင်းဘောလုံးအသင်း Old Star FC နှင့် ဂီတဘောလုံးအသင်း Music FC တို့သည် လည်းကောင်း ပရိသတ်မပါဘဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဇွန် ၁၇ ရက်တွင် မွန်းလွဲ ၂ နာရီမှ စတင်၍ နိုင်ငံကျော် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အားလပ်ချိန်များတွင်လည်း အနုပညာရှင်များက ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ မိုခါရန်ပုံငွေ ဘောလုံးပွဲနှင့် တေးဂီတပွဲဖျော်ဖြေပွဲကို ဇွန် ၁၆ ရက်တွင် မွန်းလွဲ ၃ နာရီမှ စတင်၍ ပထမပွဲစဉ်ကို MRTV Parliament Channel၊ MRTV Farmers' Channel၊ MRTV Sports Channel များမှလည်းကောင်း၊ ဒုတိယပွဲစဉ်ကို MRTV Parliament Channel၊ MRTV Farmers' Channel များမှ လည်းကောင်း၊ ပွဲစဉ် နှစ်ပွဲလုံးကို Readers'Channel နှင့် Skynet Sports Channel တို့မှလည်းကောင်း၊ဇွန် ၁၇ ရက်တွင် အဆိုပါ Channel ငါးခု မှလည်းကောင်း တိုက်ရိုက် (Live) ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# ပေါက်တောမြို့၌ မိုးစပါးမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ပေါက်တော ဇွန် ၁၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီကာလတွင် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များ ပြုလုပ်ရန်အတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးက ထောက်ပံ့ပေးအပ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နတ်တောင်ပြင်ကျေးရွာ၊ စိုင်းတုတ်ကျေးရွာ၊ အလယ်ကျွန်းကျေးရွာ၊ သဝင်ချောင်းကျေးရွာနှင့် မြင့်ဂါကျေးရွာများမှ တောင်သူများအား မိုးစပါးမျိုးစေ့ထုပ်များ ထောက်ပံ့ပေးအပ်ကြသည်။ ထို့ပြင် တက်ရောက်လာကြသည့် တောင်သူများကလည်း မိုးစပါးစိုက်ပျိုးထုတ်လုပ်နည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂဆိုင်ရာယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင် တို့သည် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr.Ramanathan Balakrishnan ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံကြသည်။ **(ယာပုံ)**

တွေ့ဆုံစဉ်မိုခါမုန်တိုင်း တိုက်ခတ်ပြီးနောက်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ ခွဲဝေဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ၊ မုန်တိုင်း ဒဏ်သင့်ဒေသများ၌ လူမှုရေး၊ စီးပွားရေး၊ ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နိုင်ငံတကာ အကူအညီများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အတူ OCHA Deputy Head of Office , Ms.Kyoko Ono၊ Senior Advisor to RC/HC Daw Su Su Thatun ၊ UN Area Coordinator For Rakhine State, Mr.Riccardo Maia ၊ Head of OCHA Rakhine Sub–Office, Mr.Tom Otunga ၊ Humanitarian Affairs Specia–list,OCHA, U Kyaw Naing Win တို့လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ JSC Atomenergomash (AEM-Technologies 'Izhora') နှင့် Central Design Bureau of Mechanical Engineering အလုပ်ရုံများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့အနီးရှိ JSC Atomenergomash (AEM–Technologies 'Izhora') အပူစွမ်းအင်သုံးနှင့် နည်းပညာဆိုင်ရာ Service ဆောင်ရွက်ပေးနေသော အလုပ်ရုံသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် JSC Atomener–gomash (AEM–Technologies 'Izhora') အလုပ်ရုံသို့ရောက်ရှိရာ အလုပ်ရုံ အမှတ် (၃၃)(၃၄) အတွင်း၌ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွင် အသုံးပြုဆောင်ရွက်နေသော ဘွိုင်လာနှင့် တာဘိုင်ပစ္စည်းများ ထုတ်လုပ်မှုနှင့် တပ်ဆင်နေမှုများကို လေ့လာကြသည်။



ယင်းနောက် အလုပ်ရုံအစည်းအဝေးခန်းမတွင် JSC Atomenergomash (AEM–Technologies 'Izhora') ၏ Director General Mr.Kotov Igor က အလုပ်ရုံလည်ပတ်ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်မှုကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Central Design Bureau of Mechanical Engineering အလုပ်ရုံသို့ ရောက်ရှိရာ အလုပ်ရုံ၏ Production Director Mr. Alexy Kuzmin က အလုပ်ရုံမှ ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

Central Design Bureau of Mechanical Engineering အလုပ်ရုံသည် နှစ်ပေါင်း ၈၀ ကြာ အတွေ့အကြုံရှိသော အလုပ်ရုံတစ်ခုဖြစ်ပြီး အပူစွမ်းအင်သုံးစက်ပစ္စည်းများ၊ ရေအေးစနစ်၊ ပန့်စနစ်၊ ပိုက်လိုင်းစနစ်များကို အဓိကထား ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် အပူစွမ်းအင်သုံးစက်ရုံများ၊ ရေယာဉ်တပ်ဆင်ထုတ်လုပ်မှုများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များတွင် လိုအပ်သော စက်ပစ္စည်း ထုတ်လုပ်ခြင်းများအပြင် ဒီဇိုင်းများ ရေးဆွဲထုတ်လုပ်မှုကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန အင်ဂျင်နီယာများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ပညာရေးဝန်ကြီးဌာန အင်ဂျင်နီယာများ အရည်အသွေးမြှင့် သင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာမှူးကြီးများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများ၊ သင်တန်းသားများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာများအနေဖြင့် အင်ဂျင်နီယာ အတတ်ပညာများ သင်ယူ တတ်မြောက်ခဲ့ကြပြီးဖြစ်ကာ မိမိတို့ တာဝန်ထမ်းဆောင်ရာ တက္ကသိုလ်၊ ကောလိပ် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အင်ဂျင်နီယာ အတတ်ပညာသာမက ဘဏ္ဍာရေးနှင့် ဆက်စပ်သော လုပ်ထုံးလုပ်နည်းများကိုပါ သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ နောက်ဆုံး ထုတ်ပြန်ထားသော၊ လက်တွေ့ ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများနှင့် သိသင့်သိထိုက်သည်များကို ယခုသင်တန်းတွင် လေ့လာသိရှိခွင့်ရကြမည်ဖြစ်ကြောင်း၊ မိမိတို့ လေ့လာသိရှိသော အသိပညာများကို မိမိတို့၏ အတတ်ပညာ၊ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး မိမိတို့ကို တာဝန်သတ်မှတ်ပေးထားရာဒေသရှိ ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ရုံးများရှိ အဆောက်အအုံများ တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေးအတွက် တာဝန်ယူကြိုးကြပ်ကြစေလိုကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် ပညာရေးဝန်ကြီးဌာန အင်ဂျင်နီယာများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် (၂) သို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ အင်ဂျင်နီယာ ၁၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို ဇွန် ၁၅ ရက်မှ ဇွန် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၁၅ – မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၆) (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ရခိုင်ပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ

စစ်တွေမြို့မှာရောက်ရှိနေခိုက် ရခိုင်ပြည်နယ်၏ အားကစားလှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ စိတ်ဝင်စားစရာကောင်းတာလေးတွေ တွေ့လာရသည်။ မိုခါမုန်တိုင်းဒဏ်သင့်တာ မသင့်တာ အပထား၊ မန္တလေးတွင် ကျင်းပနေသည့် U-19 အမျိုးသားဘောလုံးပြိုင်ပွဲမှာ စိတ်ဓာတ်ကောင်းစွာ ဝင်ရောက်ယှဉ်ပြိုင်နေသည်ကတော့ ချီးကျူးစရာကောင်းနေသည်။ ဇွန် ၈ ရက်မှ ၂၈ ရက်အထိ ယှဉ်ပြိုင်ကြမည်။ လာမည့် ဇူလိုင်လထဲမှာ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ဖူဆယ်ပြိုင်ပွဲအတွက်လည်း ညှိနှိုင်းအစည်းအဝေးတက်ရောက်ရန် သွားရောက်ဖို့ရှိကြောင်း ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေငွေးက ပြောသည်။ သူလည်းပဲ ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားတစ်ဦး ဖြစ်ခဲ့ဖူးသည်။ သူ့ဆရာညွှန်ကြားရေးမှူး ဦးဝင်းမောင်ကလည်း ဘောလုံးအားကစားသမားတစ်ဦးပင်။ သမီးခင်မေငွေးနှင့် စကားစပ်မိရင်း ရခိုင်ပြည်နယ်ဇာတိဖွား နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားသမားညီအစ်ကိုများဖြစ်ကြသော ဦးကျော်မြ၊ ဦးဝင်းမြ၊ ဦးစိုးမြ၊ ဦးရဲမြတို့ ညီအစ်ကိုတွေအကြောင်း ပြောဖြစ်ခဲ့သည်။ တစ်ချိန်က သတင်းစာတွေထဲမှာတော့ ထိုပုဂ္ဂိုလ်များ၏ နာမည်များကို ရခိုင်တိုင်းရင်းသား အသံထွက်အတိုင်း တုတ်ထောက်ခုန် အားကစားသမားဝင်းမရ၊ စိုးမရ စသည်ဖြင့် ဖော်ပြကြတာတွေကိုလည်း အမှတ်ရမိသည်။ မှတ်မှတ်ရရ ကျွန်တော်နယ်စပ်ရေးရာဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်စဉ်ကာလ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်အတူ သွားရောက်ခဲ့သော စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရီးစဉ်၌ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြလည်း လိုက်ပါလာသဖြင့် အားကစားအကြောင်းတွေ ပြောဖြစ်ကြသေးသည်။ ဦးဝင်းမြသည် ဆရာဝန်ကြီးတစ်ဦးဖြစ်သလို သံအမတ်ကြီး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ခင်မေငွေးရေ… သမီးတို့ဆီမှာ ရခိုင်ဇာတိဖွား မြန်မာ့လက်ရွေးစင် အားကစားသမားတွေ စာရင်းရှိလား၊ ရှိသလောက်ရှာလာခဲ့စမ်းပါဟု တောင်းယူလေ့လာ ကြည့်လိုက်သောအခါဝယ်၊ ကျွန်တော်ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်နေသော နိုင်ငံကျော်အားကစားသမားများကို တွေ့လိုက်ရပါပြီ။ ဒေါ်ခင်ပုဆိုသောအမည်၊ ကျွန်တော်တို့ ၃ တန်း၊ ၄ တန်းအရွယ် ၁၉၆၉ ခုနှစ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွေမှာ မခင်ပုဆိုသောအမည်က ပြေးခုန်ပစ်အားကစားနည်းနှင့်တွဲ၍ ကျော်ကြားခဲ့သည်။ လုံတံပစ်ရွှေတံဆိပ်ဆုရှင်ဖြစ်သည်။ အလျားခုန်နှင့် မီတာ ၁၀၀ တာတို အပြေးမယ်ဒေါ်မြသူဇာသည်လည်းပဲ ၁၉၇၉ ခုနှစ်က ရွှေတံဆိပ်ဆုရှင်ဖြစ်ကြောင်း၊ သူနှင့် ညီအစ်မတစ်ဝမ်းကွဲ တော်ကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံထံမှ သိရသည်။ ၁၉၇၅ ခုနှစ် အားကစားသမားကြီးများဖြစ်ကြသော ဦးခင်စိုး(မာရသွန်)နှင့် ဦးသက်ထွန်းကျော် (တုတ်ထောက်ခုန်) တို့ကိုလည်း အမည်စာရင်းထဲမှာ တွေ့လိုက်ရ၏။ သူယူလာသော စာရင်းထဲမှာ မြန်မာ့လက်ရွေးစင်အားကစားသမား ၈၀ ၏ အမည်နာမများကို ဖော်ပြထားသည်။ ထိုအထဲက ကာယဗလ၊ ကရာတေးဒို၊ ဂျူဒို၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ခရစ်ကက်၊ ဘတ်စကက်ဘော၊ သုံးမျိုးစုံ၊ စက်ဘီး၊ မြားပစ်၊ ဝူရှူး၊ လှေလှော်၊ သေနတ်ပစ်၊ Squash၊ ကန်ပို၊ ဂေါက်သီး၊ နပန်း၊ လက်ဝှေ့အားကစားလက်ရွေးစင်များကမူ ကျွန်တော်နှင့် သိပ်မရင်းနှီးပါ၊ သူ့ကာလနှင့်သူ ရခိုင်ပြည်နယ်၏ဂုဏ်ကို ဆောင်ခဲ့ကြသူများဟု ဆိုရမည်သာ။

သို့သော် ဘောလုံးအားကစားသမားထဲမှာတော့ ကျွန်တော်ငယ်စဉ်က ရင်းနှီးခဲ့သော နာမည်တစ်ခုကို ထပ်မံတွေ့ရှိလိုက်ပြန်ပါပြီ။ ဦးမောင်မောင်ညွှန့် ၁၉၇၀-၇၁ အချိန်ကာလများဆီက ဂိုး-မောင်မောင်ညွှန့်။ မြန်မာ့လက်ရွေးစင်ဂိုးသမားများဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးတင်အောင်တို့က စောလိမ့်မည်ထင်ပါသည်။ မာဒေးကားခေတ် လက်ရွေးစင်များဟု ပြောရမည်လားမသိ။ ဒီဘက်ခေတ်ကို ရောက်လာတော့ ဦးမောင်မောင်ညွှန့်တို့၊ မျိုးလှိုင်ဝင်း၏ဖခင် ဂိုး-ဦးတင်ဝင်းတို့ ပေါ်ပေါက်လာကြသည်။ မြန်မာ့ဘောလုံးလောက တဖြည်းဖြည်း အရောင်မှိန်လာသောအခါ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ကြည်လွင်၊ တင်မြင့်အောင်၊ စိုးမြတ်မင်းတို့နောက်ပိုင်း ဘောလုံးသမားအမည်များက ကျွန်တော့်ရင်ထဲသို့ ရောက်မလာတော့ပါ။ သို့သော် မိမိတို့ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ဇာတိဖွား မြန်မာ့လက်ရွေးစင်ဂိုးသမား မေခင်ယမင်းကိုတော့ဖြင့် သိနေပါသည်။ ကျွန်တော်တို့တိုင်းရော၏ ဆောင်ပုဒ်ဖြစ်သော “ရိုးသားကြိုးစား ဧရာဝတီသား” ထဲမှာ သူလည်းတစ်ယောက်အပါအဝင်ဖြစ်ကြောင်း ကြုံကြိုက်ရင်း ကြွားလိုက်ချင်ပါသေး၏။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဆုရ ရခိုင်ပြည်နယ်အသင်းအား ဂုဏ်ပြုဆုဖလား ချီးမြှင့်ပေးအပ်စဉ်။

### မြေပုံကို ဂုဏ်ဆောင်သည့် နော်ထက်ထက်ဝေ

ရခိုင်ပြည်နယ်အတွက် ကျွန်တော် ဝင့်ဝင့်ကြွားကြွား ဂုဏ်ပြုစကားပြောကြားပေးလိုသော အမျိုးသမီးအားကစားသမားတစ်ဦး ရှိနေပါသေးသည်။ သူကတော့ မကြာသေးမီကမှ ကျင်းပပြီးစီးခဲ့သော (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ကွင်းလယ်အားကစားသမား၊ ကျောနံပါတ် ၆ နော်ထက်ထက်ဝေ ဖြစ်သည်။ သူ့အစ်မကတော့ ကျောနံပါတ် ၇ သန်းသန်းထွေး ကဲ့သို့ပင် ဘောလုံးဖြန့်ဝေမှုရော ကွင်းလယ်အဖျက်ရော၊ တိုက်စစ်သို့ လိုက်ပါကစားနိုင်မှုပါ ကျွမ်းကျင်ပိုင်နိုင်စွာကစားနိုင်သည်ကို ဗီယက်နမ်နှင့် ဖိုင်နယ်ပွဲစဉ်မှာ မြင်ခဲ့ရသည်။ ဘောလုံးစကေးလည်းကောင်းပါသည်။ ရခိုင်ပြည်နယ် မြေပုံမြို့၌ နေထိုင်လျက်ရှိပြီး နာမည်က နော်ထက်ထက်ဝေ ဖြစ်နေရသည့်အကြောင်းကိုလည်း စိတ်ဝင်စား၍ မေးမြန်းကြည့်မိသည်။

*စာမျက်နှာ ၁၁ သို့*



၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဒိုင်းဆုရ ရခိုင်ပြည်နယ်အသင်းအား စစ်တွေလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

**❒ ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြို့နယ်အလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေသည်။ ထိုအထဲတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးအလေးထား၍ ပြုပြင်စရာရှိသည်များကို ပြုပြင်၊ ဖြိုင်စရာရှိသည်များကို ဖွဲ၊ စိတ်ဓာတ်ခိုင်မာစွာဖြင့် သွားရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ရခိုင်ပြည်နယ် အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် ရခိုင်လူငယ်ထု၏ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်းပဲဖြစ်**

*စာမျက်နှာ ၁၀ မှ*

အဘိုးက စကော ကရင်တိုင်းရင်းသား၊ ထို့ကြောင့် အဖေက ကရင်၊ အမေက ချင်းတိုင်းရင်းသူ၊ သည့်အတွက် ကရင်နှင့် ချင်းသွေးပါနေသည့် နော်ထက်ထက်ဝေကို မွေးဖွားလာခဲ့သည်။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲမှာ ခြေစွမ်းပြခဲ့၍ ပညာရေးဝန်ကြီးဌာန၏ YREO – FC တွင် ပါဝင်ကစားခွင့်ရခဲ့သည်။ ထိုမှ U–19 လက်ရွေးစင်ဖြစ်ခဲ့ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကြီးတွင် ပါဝင်ကစားနေပြီဖြစ်ကြောင်း သိရ၏။ ရခိုင်ပြည်နယ်အတွက် ဂုဏ်ယူမိပါသည်၊ သမီး နော်ထက်ထက်ဝေ…။

**လူငယ်လူရွယ်တိုင်းအတွက် လမ်းညွှန်မှာကြားချက်**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ပြီးခဲ့သည့်



(၃၂) ကြိမ်မြောက် ဆီးဂိမ်းတွင် ဒုတိယ ငွေတံဆိပ်ဆုရခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှ ကွင်းလယ်ကစားသမား နော်ထက်ထက်ဝေ။

ဇွန် ၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းအခမ်းအနားတွင် မိန့်ကြားခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ အမှာစကားများထဲက အောက်ပါအချက် နှစ်ချက်ကို ကျွန်တော်သတိပြုမှတ်သားခဲ့မိသည်–

**“နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များအားယခုကဲ့သို့ ထိုက်ထိုက်တန်တန်ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း …”**

**“နိုင်ငံတော်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာ လိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန်”**

**မိုခါအငွေ့အသက်တွေကြားက ထပ်ဆင့်ဂုဏ်ပြုပွဲလေးတစ်ခု**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစား နည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၂၁ ခု၊ ငွေ ၂၅ ခု၊ ကြေး ၆၈ ခု၊ စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့သည်။ အဆိုပါ ဆုတံဆိပ်ရှင်များထဲတွင် ရခိုင်ပြည်နယ်မှ အမျိုးသမီးဘောလုံးပြိုင်ပွဲ ငွေတံဆိပ်ဆုရှင် နော်ထက်ထက်ဝေ၊ 70kg နှင့် 52kg ဂျူဒိုပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုရရှိခဲ့ကြသော မဖြိုးဆွေဇင်ကျော်နှင့် မခင်ခင်စု၊ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့ကြသော ဦးအောင်မျိုးဆွေနှင့် ဦးအောင်မျိုးနိုင်တို့လည်း အပါအဝင်ဖြစ်သည်။

အထက်ပါ အားကစားသမား ငါးဦးအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၈ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မိုခါမုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် စစ်တွေမြို့၌ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်မှတ်များ ပေးအပ်ခဲ့ကြသည်။ ဆုရအားကစားသမားများထဲမှ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် နည်းပြများက ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသဖြင့် မုဒိတာပွား၍ ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ဆိုမိပါသည်။ သာလီစွပါ ရခိုင်ဇာတိဖွား အားကစားသမားများတို့ရေ …။

**လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကျင်းပ**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ ကျောင်းသားလူငယ်များနှင့်ထိတွေ့ကာ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ၈၂ ကြိမ်၊ သရုပ်ပြပွဲ/EIM အားကစားလှုပ်ရှားမှု ၁၈၅ ကြိမ်၊ အားကစားပစ္စည်းထောက်ပံ့ မှု ၇၈ ကြိမ် ဟောပြောပို့ချ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လျာထားချက်တွင်မူ လူငယ်စကားဝိုင်းများကိုပါ ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

**အစဉ်အလာကောင်းများနှင့် ရခိုင်အားကစား**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အုပ်စုပွဲစဉ်အချို့ကို ကျွန်တော်ကြည့်ရှုခွင့်ရခဲ့သည်။ ရခိုင်ပြည်နယ်အသင်း၏ ပွဲစဉ်များလည်းပါ၏။ ဖိုင်နယ်သို့ တက်ရောက်လာပြီးနောက် ရှမ်းပြည်နယ်အသင်းနှင့်ဆုံသည်။ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရကာ ပထမဒိုင်းဆုကြီးကို ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခွင့်ရသွားခဲ့ကြသည်။ ရိုးရိုးကားဖြင့် သယ်သွားခြင်းမျိုးမဟုတ်၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ငွေသားကျပ် ၂၅ သိန်းအပြင် စစ်တွေသို့ အပြန်ခရီးစဉ်အတွက် လေယာဉ်စီစဉ်ပေးခဲ့သည်။ အမျိုးသမီး ဘောလုံးအသင်း၏ အိမ်အပြန်ခရီးက ခမ်းနားထည်ဝါနေသလို စစ်တွေလေဆိပ်မှစ၍ ကြိုဆိုနေကြသောမြို့လူထု၏အားပေးလက်ခုပ်သံများကလည်း ဘဝင်သို့ ညံနေပေတော့သည်။ ဘောလုံးအားကစားအမျိုးသမီးလေးများ ပျော်လိုက်မည့်ဖြစ်ခြင်း။ သူတို့လေးတွေသည် ရခိုင်လူငယ်များအတွက် အတုယူ အားကျစရာ ဖြစ်သကဲ့သို့ ရခိုင်ပြည်နယ် အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစဉ်အလာ



(၃၂) ကြိမ်မြောက် ဆီးဂိမ်းတွင် ဆုတံဆိပ်အသီးသီးရခဲ့သော ရခိုင်တိုင်းရင်းသား တိုင်းရင်းသူ အားကစားသမားများ။

မှတ်တမ်းကောင်းများ ရေးထိုးခဲ့ကြသည်ဆိုလျှင် မမှားတန်ရာ။

**ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း လက်ထက် နပန်းပြိုင်ပွဲ**

၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း(ယခုပြည်ထောင်စု ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန) လက်ထက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်ပြိုင်ပွဲအဖြစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ နပန်းအဖွဲ့များ ဖိတ်ကြားခေါ်ယူယှဉ်ပြိုင်စေခဲ့သည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲ၏ နည်းစနစ်ကျနမှု၊ သန်မာမှု၊ ဖွဲ့ရှိမှုတို့ကြောင့်လားတော့မသိ၊ ရခိုင်ပြည်နယ် မြို့နယ်အသီးသီး မှ ကျား၊ မ ကျင်သန်များသည် နပန်းပြိုင်ပွဲများတွင် ကီလိုတန်းအလိုက် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များစွာဆွတ်ခူးခဲ့ကြောင်း သိရသည်။ ပုဏ္ဏားကျွန်းမြို့နယ်က ဆုရသူအများဆုံးဖြစ်သည်။ မြေပုံ၊ မင်းပြား၊ ကျောက်ဖြူတို့လည်းရကြသည်။ စစ်တွေ၊ အမ်း၊ ကျောက်တော်၊ ဂွမြို့နယ်များကတော့ တစ်ဦးစီပါဝင်ကြ၏။ နပန်းပြိုင်ပွဲ၏တံခွန်စိုက်ဆုဖလားကြီးကိုတော့ ရခိုင်ပြည်နယ်ကပဲ ဆွတ်ခူးရယူသွားပါသည်။ ၂၀၁၇–၂၀၁၈ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး နပန်းပြိုင်ပွဲတွင်လည်း ရခိုင်ပြည်နယ်ကပဲ တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးခဲ့သည်။

နပန်းပွဲအကြောင်း စဉ်းစားရင်းက ရခိုင်ရိုးရာကျင်ကိုင်ပွဲကို မြင်ယောင်မိသည်။ ရန်ကုန်၌ရှိစဉ် တိုင်းရင်းသားကျေးရွာမှာ ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းပသည့် ရခိုင်ရိုးရာကျင်ကိုင်ပွဲအား ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။ ရှေးရခိုင်ဘုရင်များ လက်ထက်က ကျင်ကိုင်ပွဲတွင် အနိုင်ရသော ကျင်သန်များကို ဘုရင့်ရေတပ်သားအဖြစ် ခန့်အပ်တာဝန်ပေးလေ့ရှိကြောင်း သိရ၏။

**၂၀၂၃–၂၀၂၄ အားကစားနှစ်အတွက် ကြိုတင်ပြင်ဆင်**

၂၀၂၃–၂၀၂၄ ခုနှစ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျင်းပပြုလုပ်မည့် အားကစားနည်း ၂၃ နည်း၊ အားကစားပြိုင်ပွဲ ၂၅ မျိုးတွင် ရခိုင်ပြည်နယ်အနေဖြင့် အားကစားနည်း ၁၉ နည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ တင်းနစ်နှင့် U–18 ပြေးခုန်ပစ်ပြိုင်ပွဲများအား ကျင်းပပြီးစီးခဲ့ရာ ပြေးခုန်ပစ်တွင် ရွှေ ၁ ခု၊ ငွေ ၁ ခု၊ ကြေး ၁ ခု ရရှိခဲ့သည်။ ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြို့နယ်အလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေသည်။ ထိုအထဲတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးအလေးထား၍ ပြုပြင်စရာရှိသည်များကို ပြုပြင်၊ ပြိုင်စရာရှိသည်များကို ဖွဲ့၊ စိတ်ဓာတ်ခိုင်မာစွာဖြင့် သွားရောက် ယှဉ်ပြိုင်လျက်ရှိသည်။ ရခိုင်ပြည်နယ် အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် ရခိုင်လူငယ်ထု၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါ၏။ ရှေးရှေးက မြန်မာ့လက်ရွေးစင်ကြီးများ၊ ယနေ့ခေတ် အောင်မြင်နေသော ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူမျိုးဆက်သစ် အားကစားသမားများကို အတုယူလျက် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်နယ်ဂုဏ်ဆောင်၊ လူငယ်လူရွယ်များစွာ ထပ်မံပေါ်ထွက်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။ ။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မိုးလုံလေလုံ အားကစားခန်းမကြီး။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စစ်တွေမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ရုံးဌာနများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်နှင့် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)တို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ပျက်စီးဆုံးရှုံးမှုများနှင့် ရုပ်သံထုတ်လွှင့်နေမှုများကို ရှင်းလင်းတင်ပြပြီး (ယာဝုံ) ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ အဆိုပါစက်ရုံဝင်းအတွင်းရှိ မီတာ ၁၀၀ Self Supporting Tower ကျိုးကျပျက်စီးမှု၊ မီတာ ၃၀ Guyed Tower အသစ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။





ယင်းနောက် ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ (ဝဲပုံ) ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိုခါမုန်တိုင်း တိုက်ခတ်ခံခဲ့ရသော်လည်း စစ်တွေမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဝန်ထမ်းများ သေဆုံးမှုမရှိဘဲ ဌာနပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည်များကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လူနှင့် စက်ကိရိယာပစ္စည်းများ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိနိုင်ရန် စီမံဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများ အမြန်ဆုံး ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မိုခါမုန်တိုင်းဒဏ်သင့် ကျန်းမာရေးဝန်ထမ်းများအား ဆန်များထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပပြုလုပ်သည့် မိုခါမုန်တိုင်းဒဏ်သင့် ကျန်းမာရေးဝန်ထမ်းများအား ဆန်များထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းမကျရောက်မီကတည်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကြိုတင်ပြင်ဆင်ခဲ့မှုကြောင့် ကျန်းမာရေးအဆောက်အအုံများနှင့် စက်ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ကြောင်း၊ ကြိုတင်ဖွဲ့စည်းထားသည့် Rapid Response Team များကလည်း ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မုန်တိုင်းအလွန်ကာလသည် မိုးတွင်းကာလဖြစ်သည့်အားလျော်စွာ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းရောဂါများ စသည်တို့ ကူးစက်ပြန့်ပွားမှု မရှိစေရေး လိုအပ်သည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ (infra-structure) နှင့် ကုသရေးပိုင်းဆိုင်ရာများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားသည် ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းဒဏ်သင့် ကျန်းမာရေးဝန်ထမ်းများအား အနယ်နယ်အရပ်ရပ်မှ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများက ပရဟိတစိတ်၊ မိသားစုစိတ်ဓာတ်ဖြင့် ပထမအကြိမ် စုပေါင်းလှူဒါန်းသည့် ကျပ်ငွေသိန်း ၃၀၀ ကျော်တန်ဖိုးရှိ ဆန်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ စုပေါင်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပါက မည်သည့်အခက်အခဲမဆို အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနအသီးသီးရှိ ဝန်ထမ်းမိသားစုများအတွက် ဆန်များ ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ဝန်ထမ်းများကိုယ်စား ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စစ်တွေမြို့သို့ ရောက်ရှိကာ သင်တန်းကျောင်းပြင်ဆင် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေနှင့် သင်တန်းသား သင်တန်းသူများ စာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် စစ်တွေမြို့ တိုင်းရင်းဆေးရုံသို့ ရောက်ရှိပြီး အဆောက်အအုံ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေးအတွက် ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီနှင့်ထောပတ်အစုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ပြင်ဦးလွင် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံကော်ဖီအသင်း ပြင်ဦးလွင် နောင်ချိုအစုအဖွဲ့နှင့် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ပြင်ဦးလွင်အသင်းတို့တွေ့ဆုံ၍ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်ပသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးနှင့် ကုန်အမှတ်တံဆိပ်ဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်က ပြင်ဦးလွင်မြို့ရှိ ကော်ဖီဥယျာဉ်အတွင်းရှိ Information Centre ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွားပံ့ပိုးနိုင်ရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းတာဝန် (၈) ရပ်အား အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မိုးမိုးသွယ်က မူပိုင်ခွင့်ဦးစီးဌာနအား ၂၃.၁၂.၂၀၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေလေးခုအား ပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ကုန်အမှတ်တံဆိပ်များအား ပြန်လည်မှတ်ပုံတင်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြင်ဦးလွင် နောင်ချိုကော်ဖီအစုအဖွဲ့ ဥက္ကဋ္ဌနှင့် ထောပတ်အစုအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့သည်။

**ဖြူလူသစ်(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ မန္တလေးတိုင်းဒေသကြီး ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမစျာပနအခမ်းအနားကျင်းပရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမစျာပနအခမ်းအနား ကျင်းပခဲ့ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ အန္တိမစျာပန အခမ်းအနားကျင်းပခဲ့ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး နေ့လယ်စာဖြင့် ဂုဏ်ပြုဧည့်ခံကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မစိုးရိမ်တိုက်သစ်၊ ဓမ္မစေတီကျောင်းသို့ သွားရောက်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာ ဘိဝံသတို့ကို ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်ပြီးနောက် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ပြတိုက် တည်ဆောက်သွားမည့် ကိစ္စနှင့်စပ်လျဉ်း၍ ဩဝါဒများ ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ပညာရေး ဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ် အသီးသီး၏ နေ့သင်တန်းများအား ဇွန် ၁ ရက်မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ရခိုင်ပြည်နယ် တောင်ကုတ်တက္ကသိုလ်၌ ပထမနှစ်သင်တန်းမှစ၍ မဟာတန်းအထိ အတန်းအသီးသီးအား စတင်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို တွေ့ရစဉ်။ သတင်းစဉ်

## တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀မှ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့များ ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၁၅ ရက်က တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးမှူးနှင့်အဖွဲ့၊ တိုက်ကြီးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အလုပ်အမှုဆောင်၏လုပ်ငန်းအစီရင်ခံစာ၊ အသင်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုရယူပြီး အမှုဆောင်အဖွဲ့ဝင်ခုနစ်ဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို အမှုဆောင်သစ်ရွေးချယ်ပေးကြောင်း သိရသည်။ **အာကာလင်း**

## *နိုင်ငံတကာသတင်း*



## စနေဂြိုဟ်၏လပေါ်မှ ရေ၌ သက်ရှိများအသက်ရှင်သန်ရန် လိုအပ်သည့် ဖော့စဖရတ်ဓာတ် ပါဝင်ကြောင်းတွေ့ရှိ

**နာဆာ ဇွန် ၁၅**

စနေဂြိုဟ်၏လပေါ်မှ တွေ့ရှိရသောရေနမူနာတွင် သက်ရှိများအတွက် လိုအပ်သည့်ဖော့စဖရတ်ဓာတ်ပါဝင်ကြောင်း သိပ္ပံပညာရှင်များကပြောသည်။

အန်ဆဲလက်ဒက်စ် ဟုခေါ်သည့်လသည် အချင်း ၅၀၀ ကီလိုမီတာရှိပြီး စနေဂြိုဟ်ကို လှည့်ပတ်လျက်ရှိပြီး နေအဖွဲ့အစည်းတွင် ဒုတိယအကြီးဆုံးဂြိုဟ်ဖြစ်သည်။ အော်ဂဲနစ်ဒြပ်ပေါင်းများ ပါဝင်သည့်ရေကို ယခင်ကလည်း အန်ဆဲလက်ဒက်စ်၏မျက်နှာပြင်တွင် တွေ့ရှိခဲ့ပြီး ထိုစဉ်က မည်သည့်ဓာတ်ပေါင်းများ ပါဝင်သည်ကို မသိခဲ့ရပေ။ ဂျပန်၊ အမေရိကန်နှင့် ဥရောပမှ သုတေသနပညာရှင်များပါဝင်သည့် အပြည်ပြည်ဆိုင်ရာအသင်းသည် ၂၀၁၇ ခုနှစ်က စတင်လုပ်ဆောင်ခဲ့သည့် ကာစီနီအာကာသယာဉ်ထံမှ စုဆောင်းရရှိသည့် အချက်အလက်များကို အသုံးပြုခဲ့သည်။

အန်ဆဲလက်ဒက်စ်ပေါ်ရှိ သမုဒ္ဒရာမှ အာကာသဆီသို့ စိမ့်ထွက်လာသည့်ရေများကို စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့စစ်ဆေးမှုအရ အဆိုပါရေတွင် ဖော့စဖရတ်ပါဝင်မှုမှာ ကမ္ဘာ့သမုဒ္ဒရာများတွင် ပါဝင်သည့် ဖော့စဖရတ်ထက်ပို၍ ပမာဏများကြောင်း တွေ့ရှိရသည်။

အန်ဆဲလက်ဒက်စ်ပေါ်မှ ရေတွင် ဖော့စဖရတ်ပါဝင်မှု တွေ့ရှိရခြင်းသည် အဆိုပါဂြိုဟ်ပေါ်တွင် သက်ရှိများရှိနေနိုင်သည့် သက်သေဟု သုတေသနအဖွဲ့က ပြောသည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်၌ မကြာသေးမီက ရေကြီးမှုအတွင်း ခြောက်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရ

**ကဘူးလ် ဇွန် ၁၅**

အာဖဂန်နစ္စတန်၌ မကြာသေးမီက မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဇွန် ၁၅ ရက်က ဒေသတွင်းရုပ်သံ၌ ဖော်ပြခဲ့သည်။

ရေကြီးမှုကြောင့် နေအိမ်အလုံး ၃၀ ပျက်စီးပြီး တံတားခုနစ်စင်း ပျက်စီးခဲ့သည်။ ကျွဲ၊ နွား၊ တိရစ္ဆာန် ၈၃၂ ကောင် သေကျေပျက်စီးခဲ့သည်။

ထို့ပြင် စိုက်ပျိုးမြေနေရာများလည်း ပျက်စီးခဲ့ကာ တောင်သူများ ကောက်ပဲသီးနှံ ပျက်စီးဆုံးရှုံးခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှု ဒဏ်ခံစားခဲ့ရသည့် နေရာများမှာ ကူနာ၊ နူရစ်စတန်၊ ဘာဒက်ရှန်၊ ပက်တီရာ၊ တက်ဟာ၊ ဂိုအာနှင့် ပါဝန်ဒေသတို့ ပါဝင်သည်။

ယင်းမတိုင်မီ ကလည်း ဘာဒက်ရှန်၊ တက်ဟာ၊ ဘတ်လန်၊ နူရစ်စတန်၊ ကူနာ၊ လာ့ခ်ဟန်၊ ပါဝန်နှင့် ကက်စ်ပီဆာဒေသတို့တွင် မိုးရေချိန် ၁၀မီလီမီတာမှ ၂၅ မီလီမီတာအထိ ရွာသွန်းခဲ့သည်။

**ဆင်ဟွာ**




အာဖဂန်နစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုကို တွေ့ရစဉ်။

# အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးကြီးကြပ်ရန် ကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် ဇွန် ၁၅**
အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ရန် ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ရန် ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကော်မတီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြန်ပြီးစီးရန်လို**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် လိုအပ်သော သံမဏိများကို ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် သံသတ္တုရိုင်းမှ သံစိမ်းများကို ထုတ်လုပ်ပေးမည့် အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နေစဉ် လုပ်ငန်းပြီးစီးရမည့်ပမာဏ၊ ပြီးစီးရမည့် အချိန်တို့ကို ကြိုတင်တွက်ချက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုချင်းအလိုက် အချိန်ဇယားများ ရေးဆွဲ၍ ဆောင်ရွက်သွားရန်နှင့် အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များ လာရောက်ချိန်တွင် ကျန်ရှိနေသည့် စီမံကိန်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်မည် ဖြစ်သဖြင့် လုပ်ငန်းများပြီးမြောက်စေရေးဦးတည်ပြီး ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို အကြောင်းအရာတစ်ခုချင်းစီအလိုက် ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်များကို ကြိုတင်သတ်မှတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အလိုက် စီမံကိန်း စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း (Work Scope, Cost, Time, Quality) သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) မူလခွင့်ပြုရန်ပုံငွေပါ လုပ်ငန်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) တို့၏ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့၌ ကျင်းပသည့် BIMSTEC Business Conclave ပိတ်ပွဲအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၅**
အိန္ဒိယသမ္မတနိုင်ငံကော်လ်ကတ္တားမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့် BIMSTEC Business Conclave တွင် ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ်တက်ရောက်နေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ မှ ၂ နာရီအထိ Hytta Regency Kolkata Hotel၊ Ballroom ခန်းမ(၁)၌ ကျင်းပပြုလုပ်သည့် ဘင်းမ်စတက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု Valedictory Session ပိတ်ပွဲအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

အဆိုပါ ပိတ်ပွဲအခမ်းအနားတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး (Minister of State) H.E.Dr. Rajkumar Ranjan Singh၊ ဘင်းမ်စတက်နိုင်ငံများ၏ အတွင်းရေးမှူးချုပ် H.E. Mr. Tenzin Lekphell၊ အိန္ဒိယနိုင်ငံကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Mehul Mohanka နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် အပါအဝင် ဘင်းမ်စတက်နိုင်ငံများမှ သံတမန်အကြီးအကဲများက အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသော "Textiles and Garments" ဖိုရမ်နှင့် "Financial Inclusion, Technology and Regulatory Framework" ဖိုရမ်များသို့လည်း တက်ရောက်အားပေးသည်။




အဆိုပါ Textiles and Garments ဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် Financial Inclusion, Technology and Regulatory Framework ဖိုရမ်တွင် မြန်မာနိုင်ငံအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူးချုပ် ဒေါ်ချောခင်ခင်တို့က Panelist များအဖြစ် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၅**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာ မြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ အမျိုးသမီးသက်မွေးအတတ် ပညာသင်ကျောင်းအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးမြို့နယ် ဆေးနှင့်ကျန်းမာ ငွေစုငွေချေးသမဝါယမအသင်း လီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**ပဲခူး ဇွန် ၁၅**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဆေးနှင့်ကျန်းမာ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးဝင်းရွှေက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အဖွဲ့ဝင် ဦးထွေးမြင့်က ဆောင်ရွက်ကာ အသင်းမှ အသင်းသား အသင်းသူများအား စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၁၀၇၇၅၈၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း / ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၅ | ၂၁၂၀ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၇၀၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၀ | ၂၁၂၀ | ၂၂၂၀ | ၂၂၃၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၇၅ | ၂၁၇၅ | ၂၄၀၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၅ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၅ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၈ | ၁၉၃၉ |
| 95 Ron | ၁၉၈၀ | ၂၀၅၃ |
| HSD (500 ppm) | ၁၈၁၄ | ၁၈၈၀ |
| HSD (50 ppm) | ၁၈၈၈ | ၁၉၅၅ |
| HSD (10 ppm) | ၁၈၈၈ | ၁၉၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိ

(၁၅ - ၆ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၆) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၆၁,၅၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၈၆၃) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၈၂၂) ဦး ရှိပြီဖြစ်သည်။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ

■ *တွေ့ဆုံမေးမြန်း – ဝင်းဝင်း*

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**




ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်

**မေး ။ ။ မိုခါမုန်တိုင်းတိုက်ခတ်မှုနဲ့ပတ်သက်ပြီး ကနဦးလုပ်ငန်းကော်မတီရဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ မေ ၆ ရက်မှာ ကျင်းပတဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးရဲ့ လမ်းညွှန်ချက်နဲ့ မေ ၉ ရက်မှာ လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါတယ်။ စီမံချက်အရ ရွေ့လျားအဖွဲ့ ခုနစ်ဖွဲ့နဲ့ စာရင်းပြုစုရေးအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့တယ်။ လုပ်ငန်းကော်မတီအတွင်းရေးမှူးအနေနဲ့ မေ ၈ ရက်ကစလို့ DMC မှာ နေ့စဉ် အစည်းအဝေးတက်ရောက်ပြီး လုပ်ငန်းကော်မတီနဲ့ စပ်လျဉ်းတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ မေ ၉ ရက်ကစတင်ပြီး DMC မှာ ညွှန်ကြားရေးမှူးတစ်ဦး၊ ဒုတိယစာရင်းအင်းမှူးတစ်ဦးကို ရုံးထိုင်ဆောင်ရွက်စေခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းဝင်ရောက်နိုင်တဲ့ ဒေသတွေရဲ့ အချက်အလက်တွေကြိုတင်ပြုစုခြင်း၊ ကောက်ယူမယ့် စာရင်းပုံစံပြုစုခြင်း၊ ပုံစံတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းကော်မတီတွေထံ ဖြန့်ဝေခြင်းတွေ ဆောင်ရွက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ် Command Post အဖွဲ့တွေမှာ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ ဗဟိုစာရင်းအင်းအဖွဲ့ဝန်ထမ်းတွေ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ပျက်စီးမှုစာရင်းတွေ ကြိုတင်စာရင်းကောက်နိုင်ဖို့ မုန်တိုင်းမဖြစ်ခင် မုန်တိုင်းလမ်းကြောင်းသင့်ဒေသတွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကို မေ ၁၁ ရက်မှာ စေလွှတ်ခဲ့ပါတယ်။ ဆက်လက်ပြီး မကွေးနဲ့ ပဲခူးတိုင်းဒေသကြီးတွေကို မေ ၁၃ ရက်မှာ စေလွှတ်ပြီး ပျက်စီးမှုစာရင်းကောက်ယူနိုင်ရေး ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ။ မုန်တိုင်းကြောင့် ထိခိုက်မှုအများဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ်နဲ့ စပ်လျဉ်းပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ရခိုင်ပြည်နယ်ကို မေ ၁၅ ရက်မှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သွားရောက်ခဲ့ပါတယ်။ မေ ၁၆ ရက်မှာ ရခိုင်ပြည်နယ်ရဲ့ ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူနိုင်ရေး လုပ်ငန်းစီမံချက်ရေးဆွဲပြီး ရွေ့လျားအဖွဲ့ဝင်တွေ၊ ရခိုင်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက် ဌာနအဖွဲ့အစည်းတွေက ဝန်ထမ်းတွေနဲ့ စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်။ မေ ၁၅ ရက်မှာ ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)က ရန်ကုန်ကိုစေလွှတ်ထားတဲ့ ဒုတိယညွှန်ကြားရေးမှူးဦးဆောင်တဲ့အဖွဲ့က ရခိုင်ပြည်နယ်ကို ဆက်လက်သွားရောက်ပြီး မြေပြင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့အဖွဲ့ကို မေ ၁၆ ရက်မှာ စစ်တွေမြို့သို့ ထပ်မံစေလွှတ်ပြီး စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ရဲ့ မြေပြင်စာရင်းကောက်ယူရရှိတဲ့ အချက်အလက်တွေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)သို့ နေ့စဉ်တင်ပြပါတယ်။



ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၌ တာဝန်ရှိသူတစ်ဦး ပျက်စီးဆုံးရှုံးမှုစာရင်းကို ကောက်ယူနေစဉ်။

**■ မုန်တိုင်းဝင်ရောက်နိုင်တဲ့ ဒေသတွေရဲ့ အချက်အလက်တွေကြိုတင်ပြုစုခြင်း၊ ကောက်ယူမယ့် စာရင်းပုံစံပြုစုခြင်း၊ ပုံစံတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းကော်မတီတွေထံ ဖြန့်ဝေခြင်းတွေ ဆောင်ရွက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်** Command Post **အဖွဲ့တွေမှာ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းတွေ ပါဝင်ဆောင်ရွက်**



ရခိုင်ပြည်နယ် မောင်တောမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ မြေပြင်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ဒီလုပ်ငန်းစီမံချက်အရ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ကို မေ ၁၇ ရက် နံနက်ပိုင်းကစတင်ပြီး အဖွဲ့အသီးသီးက တာဝန်ယူရတဲ့ မြို့နယ်တွေကို စာရင်းကောက်ယူဖို့ ထွက်ခဲ့ကြပါတယ်။ စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့က ရခိုင်ပြည်နယ်ရဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို မေ ၁၇ ရက်က စတင်ပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ မေ ၂၃ ရက်မှာ ပြီးဆုံးခဲ့ပြီး ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (NDMC)ကို အချိန်နဲ့တစ်ပြေးညီ တင်ပြခဲ့ပါတယ်။

စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့က ရရှိတဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာမြို့နယ်တွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ တပ်မတော်က တာဝန်ပေးအပ်ထားတဲ့ တာဝန်ခံအရာရှိကြီးတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနရဲ့ လမ်းညွှန်မှုကို ရရှိခဲ့ပါတယ်။ ဒီအတွက် မေ ၂၇ ရက်က စတင်ပြီး မြို့နယ် ၁၇ မြို့နယ်ကို ဒုတိယအကြိမ် ထပ်မံကွင်းဆင်းပြီး သက်ဆိုင်ရာဌာနတွေ ပူးပေါင်းပြီး ပျက်စီးဆုံးရှုံးမှုစာရင်းတွေ ပြန်လည်စိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယအကြိမ် ထပ်မံသွားရောက်ရာတွင် မေ ၂၇ ရက်မှာ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်နဲ့ အမ်းမြို့နယ်၊ မေ ၂၈ ရက်မှာ ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ တောင်ကုတ်၊ မာန်အောင်၊ မောင်တော၊ မင်းပြား၊ မြေပုံ၊ ဂွနဲ့ သံတွဲမြို့နယ်တွေကို ထွက်ခွာခဲ့ကြပြီး ဇွန် ၅ ရက်အထိ ပျက်စီးဆုံးရှုံးမှုစာရင်းတွေ ပြန်လည်စိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြပါတယ်။

**မေး ။ ။ ကောက်ယူရရှိတဲ့စာရင်းတွေကို ဘယ်လိုဆက်လက်ဆောင်ရွက်ရပါသလဲ။**

ဖြေ ။ ။ ကနဦးလုပ်ငန်းကော်မတီက နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို မေ ၁၁ ရက်ကစတင်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)ကို နေ့စဉ်အစီရင်ခံတင်ပြခဲ့ပါတယ်။ ကနဦး လုပ်ငန်းကော်မတီအနေနဲ့ သဘာဝဘေးဒဏ်ကြောင့် လူများအသက်ဆုံးရှုံးမှု၊ တိရစ္ဆာန်များ သေကျေပျက်စီးမှု၊ ပျက်စီးဆုံးရှုံးသွားတဲ့ အဆောက်အအုံတွေကို ပြန်လည်ပြုပြင်တည်ဆောက်ရာမှာ ထောက်ပံ့ကူညီပေးနိုင်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အအုံတွေရဲ့ ပျက်စီးမှုနဲ့ သွပ်၊ သံ၊ သစ်လိုအပ်ချက် ကနဦးစာရင်းတွေ၊ အခြေခံအဆောက်အဦ၊ လျှပ်စစ်နဲ့စွမ်းအင်၊ ပိုင်ဆိုင်ပစ္စည်း(ကား၊ ဆိုင်ကယ်၊ စက်ဘီး) စတဲ့၊ သယ်ယူပို့ဆောင်ရေး၊ လယ်ယာ/သားငါးကဏ္ဍတို့နဲ့ စပ်လျဉ်းတဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို သတ်မှတ်ပုံစံနဲ့ပြုစုပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ကို နေ့စဉ်အစီရင်ခံတင်ပြလျက်ရှိပါတယ်။ ။

# ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၅**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်၌ ပြုလုပ်သော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်သည်။


ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် ဟားခါးတပ်နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား တစ်ဦးအား ဂုဏ်ပြုချီးမြှင့်စဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် မြို့မရပ်ကွက် လမ်းမဘုန်းတော်ကြီးကျောင်းရှိ ခမ္မာရုံ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးပြီး ကုလားတန် (၂) ရေယာဉ်ဖြင့် ရောက်ရှိလာသော ဆန်များအား ဖွင့်ဖောက်စစ်အဖွဲ့မှ စိစစ်လက်ခံနေမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကုန်တင်/ ကုန်ချအဖွဲ့များဖြင့် စားသုံးသူရေးရာ ဂိုဒေါင်သို့ စနစ်တကျထားရှိ သိုလှောင်နေမှုများအား စနစ်တကျ ဖြစ်စေရေး၊ လေလွင့်မှု မဖြစ်ပေါ်စေရေး သွားရောက်ကြည့်ရှုကြပ်မတ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဘူးသီးတောင်မြို့ရှိ အလင်းရောင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး မုန်တိုင်းကြောင့် အမိုးလန် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန် လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် နဝကမ္မအလှူငွေများအား ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်မောင်အေးနှင့် တာဝန်ရှိသူများသည် မတူပီမြို့နယ်အတွင်းရှိ မုန်တိုင်းကြောင့် ပျက်စီးသွားသော စာသင်ကျောင်းများကို ပြန်လည်ပြုပြင်နိုင်ရန် လိုအပ်သော ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများအား တာဝန်ရှိသူများထံ လှူဒါန်းသည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးနှင့် တာဝန်ရှိသူများသည် မြို့မမုန်ကျောင်း ကျောင်းတိုက်ရှိ မြို့နယ်သံဃနာယက ဆရာတော်အရှင်သူမြတ်များထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၅**
သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး အတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပဲရုံကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင် ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၅**
ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မော်လမြိုင်ကျွန်းမြို့နယ်၌ လယ်ယာမြေဥပဒေ အသိပညာပေး

**မော်လမြိုင်ကျွန်း ဇွန် ၁၅**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် အတွင်းရေးမှူး ဦးအောင်မျိုးချစ်တို့က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ရှင်းလင်းဆွေးနွေးသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းလွင်၊ အဖွဲ့ဝင် (၂) ဦးတင်လှိုင်၊ အဖွဲ့ဝင် (၃) ဦးစောဝဏ္ဏ၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နိုင်ငံတကာခြေစမ်းပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင် ဘောလုံးအသင်း ယှဉ်ပြိုင်မှုများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၅**
ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ နိုင်ငံတကာ ခြေစမ်းပွဲအဖြစ် မြန်မာအမျိုးသားလက်ရွေးစင် ဘောလုံးအသင်းသည် ဇွန် ၁၆ ရက်တွင် တရုတ်အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းနှင့် လည်းကောင်း၊ ဇွန် ၁၉ ရက်တွင် မကာအို အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့်လည်းကောင်း တရုတ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်များကို ဇွန် ၁၆ ရက်နှင့် ၁၉ ရက်တို့တွင် ညနေ ၅ နာရီ၌ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ခြင်းကို ဇွန် ၁၆ ရက်တွင် MRTV Sports Channel မှ လည်းကောင်း၊ ဇွန် ၁၉ ရက်တွင် MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel တို့မှ လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်(လေ)မှ လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် ဇွန် ၁၅**
တပ်မတော်(လေ)မှ လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်မှူးတစ်ဦးနှင့် သင်တန်းသားတစ်ဦးလိုက်ပါ၍ နေပြည်တော်မှ မိတ္ထီလာသို့ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လယ်ဒါကြီးကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာသို့ အရောက်၌ ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသည့် ရဟတ်ယာဉ်မှူးနှင့် သင်တန်းသားတို့မှာ ကျဆုံးခဲ့ရကြောင်းသိရှိရပြီး ရဟတ်ယာဉ်ပျက်စီးခဲ့ရသည်။ ၎င်းတို့၏ ရုပ်အလောင်းများအား နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### သွေးသည်အသက်

## KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ ဇောတိရာမ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဇွန် ၁၅**
အကြမ်းဖက်အဖွဲ့များ ဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ အရပ်သားပြည်သူများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။



ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင်လည်း KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်အတွင်းသို့ မြို့၏မြောက်ဘက် မီတာ ၂၀၀၀ ခန့်မှ လက်နက်ကြီးများဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံတပ်ရင်း ဌာနချုပ်မှ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ဖုံးသီးများသည် ရပ်ကွက်အတွင်းရှိ ဇောတိရာမ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းနှင့် ပင်မကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျောင်းဆောင်ပေါ်တွင် သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ကောဝိဒတွင် လက်နက်ကြီး ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ဖုံးသီးများကြောင့် ပျက်စီးခဲ့သည့် ပင်မကျောင်းဆောင်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၁၅**
အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. က တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် နှစ်စီး၊ Super Seven Stars Motors Industry Co.,Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger, 7KW) ၁၇ ခုနှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger, 22 KW) အခု ၄၀ တို့သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်



### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၆ - ၂၀၂၃

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၂၅ ကျပ် | ၂၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၀ ကျပ် | ၂၁၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၄၀၅ | ၃၂၄၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၄၂၈၄ | ၁၂၄၂၄၉၀၀ |
| MCB | ၇၂၀၀ | ၇၃၀၀ | ၃၆၃ | ၂၆၄၄၉၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၄၀၉၈ | ၅၉၆၇၁၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၀၀ | ၂၄၀၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁ | ၂၄၅၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၁၂ | ၁၀၁၇၆၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း
စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။
MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ကြေညာချက်ပါကိစ္စနှင့်ပတ်သက်၍ ဒေါ်အေးချစ်(ဘ)ဦးထင် (AE-၂၂၄၇၇၀)(၁၃/တကန(နိုင်)၀၁၆၃၇၁)မှ ဒေါ်ဥမ္မာနွယ်(ဘ)ဦးသောင်းငွေ ၉/ညဥန(နိုင်)၁၃၈၈၉၀သို့ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် ၁၁-၁-၂၀၂၃ရက်တွင် စာချုပ်အမှတ် ၆၉၉ ဖြင့် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းပါသည်။

**ဒေါ်အေးချစ် ၁၃/တကန(နိုင်)၀၁၆၃၇၁**

## အမည်မှန်နှင့်မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း Grade-6 မှ (ဘ) ဦးထွန်းထွန်းဦး၏ သမီး မဆုထက်မြတ်၏ အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်မှာ မဆုမြတ်ထက် (၅-၇-၂၀၁၁)ဖြစ်ပါကြောင်း၊

**မဆုမြတ်ထက်**

## အမည်မှန်

သံတွဲမြို့၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း Grade-6 မှ ဦးဇော်မင်းထွန်း၏သား မောင်သန်းဇော်ဟိန်း (ခ) မောင်ဇော်ဝင်းထက် ၏ အမည်မှန်မှာ မောင်သန်းဇော်ဟိဏ်း ဖြစ်ပါကြောင်း။

**မောင်သန်းဇော်ဟိဏ်း**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ကြေညာချက်ပါကိစ္စနှင့်ပတ်သက်၍ ဒေါ်စန်းစန်းမော်(ဘ) ဦးထင် ၁၂/အစန(နိုင်)၁၀၆၂၉၁ မှ ဦးဝင်းလှိုင်ထွန်း(ဘ)ဦးဝင်းငွေ ၂/ဖရဆ (နိုင်)၀၁၈၁၀၀ သို့ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် ၁၃-၁-၂၀၂၃ရက်တွင် စာချုပ်အမှတ် ၈၉၁ ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းပါသည်။

**ဒေါ်စန်းစန်းမော် ၁၂/အစန(နိုင်)၁၀၆၂၉၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**

**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၃၁**

၁။ ဦးကျော်မင်းထွန်း **နှင့်** မစ္စမာယာ(ခ)ဒေါ်မာယာ

၂။ ဒေါ်ရှိစီ

**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် (၄၃၃)၊ တတိယထပ်နေ မစ္စမာယာ(ခ)ဒေါ်မာယာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

| ၂၂။ ဒေါ်ခင်အေး | ၄၈။ ဒေါ်ရောက် |
| ၂၃။ ဒေါ်ခင်မွေး | ၄၉။ ဦးညို |
| ၂၄။ ဒေါ်လေး | ၅၀။ ဒေါ်ကျင်မြ |
| ၂၅။ ဒေါ်ငှက် | ၅၁။ ဒေါ်ကွန့် |
| ၂၆။ ဦးအောလီ | |

တရားလို တရားပြိုင်များ

နမ့်စန်မြို့၊ အမှတ်(၁)မီးသွေးရပ်ကွက်နေ (၁၂)တရားပြိုင် မခိုင်မိုးထွေး စစ်ကိုင်းတိုင်းဒေသကြီး၊ ရွာသစ်ကြီးမြို့၊ ချည်မျှင်စက်ရုံနေ (၁၃)တရားပြိုင် ဦးသန်း(ခ)ဦးစိုးမြင့်၊ နမ့်စန်မြို့၊ မီးသွေးကုန်းရပ်ကွက်၊ အမှတ်(၃)နိဗ္ဗာန်လမ်းနေ (၁၉)တရားပြိုင် ဦးကျောက်။ ရပ်စောက်မြို့၊ အုံးခွဲအုပ်စု၊ လယ်ခေါင်ကျေးရွာနေ (၄၅)တရားပြိုင် ဦးသာလေး (ယခုနေရပ်လိပ်စာမသိ)တို့ လေးဦးသိစေရမည်။

သင်တို့အပေါ် တရားလို ဦးလေးဝင်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက် (၁၃၈၅ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**

**သာစည်မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၉)လမ်း၊ မြေကွက်အမှတ် (၈၄ ၁/၂)၊ အကျယ်အဝန်း အလျား ၁၅ ပေx အနံ ပေ ၆၀ ရှိ ဒေါ်ရေး ဂရန်အမည်ပေါက်အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဟိန်းထွဋ်ဇော်နှင့် ဒေါ်အိသူသူအောင်တို့မှ လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့မှအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးယုမော်(LL.B) (D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၉၀၃)**

**အမှတ်(၆၂၃)၊ရော(၁၄)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ဖုန်း-၀၉-၄၂၁၁၂၇၃၈၅**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ မြေဝတီရပ်ကွက်၊ ဆေးရုံကြီးလမ်းတွင် နေထိုင်သူများဖြစ်သည့် ဦးအောင်စောဝင်း ၅/စကန(နိုင်)၀၀၉၉၈၈၊ ဒေါ်ခင်ကြွယ် ၅/စကန(နိုင်)၀၀၉၉၈၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ အမှုသည်များဖြစ်သည့် ဦးအောင်စောဝင်း၊ ဒေါ်ခင်ကြွယ်တို့၏ သမီး မအိရွှေစင်အောင် ၅/စကန(နိုင်)၁၅၆၀၉၄ သည် မိဘဖြစ်သူတို့အား စိတ်ဆင်းရဲမှုများပြုလုပ်ပြီး မိဘဖြစ်သူ၏ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကိုပြုလုပ်ခဲ့ပါသဖြင့် မအိရွှေစင်အောင်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအားလုံးကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မအိရွှေစင်အောင်အနေဖြင့် ၁၂-၆-၂၀၂၃ ရက်စွဲပါ မိသားစုစီမံမှုကတိစာချုပ် လက်မှတ်ရေးထိုး ချုပ်ဆိုပြီးကြောင်း အများသိစေရန် ကြေညာပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသန်းနွယ်(LL.B)**

**အထက်တန်းရှေ့နေ (စဉ်- ၃၉၈၃၄)**

**နေပြည်တော်လမ်း၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့**

---

# "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၁၄/၁)၊ ၆၅x၃၅လမ်းထောင့်ရှိ **"ငွေရည်ပုလဲ"** ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ ယင်းကုမ္ပဏီ၏ **"ငွေရည်ပုလဲ"** ကြံမြုပ်ဆွေး ဓာတ်မြေဩဇာ အမည်စာတမ်းပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၆၁၅/၂၀၂၃)အရ မှတ်ပုံတင်သွင်းကြေညာပြီး ကြံမြုပ်ဆွေး ဓာတ်မြေဩဇာနှင့် ဓာတ်မြေဩဇာအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။




မှတ်ပုံတင်စာချုပ်အမှတ်- ၁၆၁၅ / ၂၀၂၃

အထက်ဖော်ပြပါ **"ငွေရည်ပုလဲ"** အမည်စာတမ်းပါ လုပ်ငန်းတံဆိပ်အမည် အမှတ်အသားကို **"ငွေရည်ပုလဲ"** ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကြံမြုပ်ဆွေး ဓာတ်မြေဩဇာနှင့် ထုတ်ပိုးပစ္စည်းများပေါ်တွင် တွယ်ကပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ အသုံးပြုမည့်လုပ်ငန်းအမည် အမှတ်အသား အမှတ်တံဆိပ် ဖြစ်ပါသည်။

**"ငွေရည်ပုလဲ"** ကုန်အမှတ်တံဆိပ် အမည်အသားကို တုပ၍ဖြစ်စေ၊ အသံထွက်ဖလှယ်၍ဖြစ်စေ၊ အရှေ့-အနောက် စကားလုံးတိုး/လျှော့၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုအပပြုလုပ်သုံးစွဲခြင်း မပြုရန်နှင့် အတုအပထုတ်လုပ် သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း တွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လဲ့လဲ့နိုင် (LL.B, DBL) တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၁၄၄)**

**အမှတ်(၉)၊ ၃၂x၃၃လမ်းကြား၊ ၆၆x၆၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉- ၂၀၁၇၇၇၁**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၅)လမ်းအလယ်၊ အမှတ် (၃၈၆)၊ (၂)ခန်းတွဲRC(၅)အဆောက်အအုံ၏ တတိယထပ် (၄လွှာ) (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်း)အခန်း၊ ဧရိယာ ၅၄၀ ဒသမ ၅ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟုဝန်ခံသူဖြစ်သော ဒေါ်ညိုညိုတင် ၁၂/ရကန(နိုင်)၀၁၆၉၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မေသူထွန်း ၁၂/သကတ(နိုင်)၂၀၆၅၅၆ က အပြီးအပြတ် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မေသူထွန်း၏လွှဲအပ်ညွှန့်ကြားချက်အရ-**

**ဒေါ်သူဇာကျော်**

**LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ် ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-၁၆၂၊ (အလျား ၂၅ပေx အနံ ၅၀ပေ)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကေ အကျယ်အဝန်းရှိ ဦးမြင့်အောင် အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅)၊ ဗိုလ်မြတ်ထွန်း (၁)လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်၊ အဆောက်အအုံ၊ လျှပ်စစ်မီတာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်အောင် ၁၄/မမက (နိုင်)၀၈၄၅၄၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**

**ဦးဇေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**

**ဒေါ်ချယ်ရီလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**

**ဦးစိုးလွင်ဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊**
**၀၉-၄၂၅၂၈၇၁၃၄**

---

## ဖခင်အမည်မှန်

ပင်လုံမြို့၊ အ.ထ.က(၁)၊ Grade-10မှ ခွန်အောင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးချမ်းအေး ၁၃/ပလတ(နိုင်)၀၀၁၂၅၉ ဖြစ်ပါကြောင်း။

ဦးချမ်းအေး

---

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့နေ ဒေါ်နန်းနု ၁၃/ကတန (နိုင်)၀၃၇၁၆၇၏ မွေးသက္ကရာဇ် အမှန် မှာ ၁၃-၇-၁၉၆၇ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးရှိန် ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ အမှတ်(၁၄၀)၊ ရွှေပင်လုံ အိမ်ရာအပိုင်း(၃)နေ ဦးဂျာနေဘ်(ခ) ဦးနေထွန်းအောင်၏သမီး မအိကဗျာဖူး ၇/ပခန(နိုင်)၄၄၂၅၈၈၏ မွေးသက္ကရာဇ် အမှန်မှာ ၆-၆-၂၀၀၅ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/3649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက်တန်းရှေ့နေ ဒေါ်နန်းခမ်းဖြူ(ခ)နန်းခံဖြူ(စဉ်-၅၂၆၇၇/၂၀၂၀)၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် နမ်းခမ်းဖြူ ၁၃/တကန(နိုင်)၂၇၉၀၆၁ဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းတွင် နန်းခံဖြူဖြစ်နေပါသဖြင့် နန်းခမ်းဖြူနှင့် နန်းခံဖြူမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဦးမောင်ပျိုဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် တောင်ကြီးတက္ကသိုလ်မှထုတ်ပေးသည့် ဘွဲ့လက်မှတ်တို့တွင် ဦးပျို ဖြစ်နေပါသဖြင့် ဦးမောင်ပျိုနှင့် ဦးပျိုမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/52280 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

---

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တုံတာမြို့၊ အမှတ်(၂)ရပ်ကွက်နေ (ဘ) ဦးအောင်ကြီး သမီးဖြစ်သူ ဒေါ်နှင်းနှင်းထွေး ၁၃/ကတန(နိုင်) ၀၀၀၅၈၀၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၁၉၉၀ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းနှင်းထွေး**

---

## အမည်ပြောင်း

တောင်ကြီးမြို့၊ Rise Learning Provision ကိုယ်ပိုင်မူလတန်းကျောင်း Grade(1) Gammaမှ ခွန်ဘုန်းမြင့်မြတ်အား ယနေ့မှစ၍ ခွန်ခမ်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ခွန်ခမ်းမြတ်**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/30978 Dayang-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းနိုင် ၈/စလန(နိုင်) ၀၉၈၄၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5850 Toyota Alphard MNH10, M/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၁၂/မဂတ (နိုင်)၀၅၆၈၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 69W/81384 Luojia Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာအောင် ၁၃/တကန(နိုင်) ၂၁၆၁၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5P/6535 Daihatsu Hijet ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထွေး ၁၃/တကန(နိုင်) ၁၉၂၁၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7W/52192 ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာထွန်း ၂/လကန(နိုင်)၀၅၅၀၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၅/၁၅၃၅၊ ဥတ္တမရာဇ်ကံတွင်း) မြေကွက်အမှတ်(ဂ/၁၂၇-၁)၊ မြေဧရိယာ ၀ ဒသမ ၂၇၆ ဧကရှိမြေသည် စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း)၏(၂၄-၃-၂၀၂၂)ရက်စွဲပါစာအမှတ်၊ စက်မှု/ကြီးကြပ်-၂ (၀၀၈/၂၀၂၂)အရ ဒေါ်ခင်ဇာဖြူမြင့် ၁/မကန(နိုင်)၂၃၅၃၇၆ အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါကြောင်း၊ အဆိုပါမြေကွက်အား ၁၅-၂-၂၀၂၃ ရက်တွင် ဒေါ်ခင်ဇာဖြူမြင့်(ဘ) ဦးခင်မောင်မှ ဒေါ်သိင်္ဂီထွန်း(ဘ) ဦးအေးမြင့်ထွန်း ၅/ရဘန(နိုင်)၁၃၀၇၄၇ ထံသို့ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါမြေကွက် ဝယ်ယူပိုင်ဆိုင်သူဖြစ်သည့် ဒေါ်သိင်္ဂီထွန်းအမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၈၅/၁၅၃၅၊ ဥတ္တမရာဇ် ကံကွင်း)၊ မြေကွက်အမှတ်(က/၁၊ က/၂၊ က/၃၊ က/၄၊ က/၅၊ က/၆)၊ မြေဧရိယာ ၀ ဒသမ ၃၃၀ ဧကရှိမြေ သည် စစ်ကိုင်းစက်မှုဇုန်တည်ဆောက်ရေးကော်မတီ၊ စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၃-၂-၁၉၉၈ ရက်စွဲပါစာအမှတ်၊ ၅/၄၁-၈/ဦး၆ အရ ဒေါ်ခင်စန်းမြင့် ၅/စကန(နိုင်)၀၂၇၁၄၈ အမည်ဖြင့် မြေနေရာချထားပေးခြင်းရရှိခဲ့ပါသည်။ ယခုအခါ မြေကွက်များပိုင်ဆိုင်သူဖြစ်သည့် ဒေါ်ခင်စန်းမြင့်မှ စက်မှု/စီးပွားမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/1588 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၉)မိုင်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၂)၊ သမိုင်း၊ မြေကွက်အမှတ်-၁/ခ၊ ဘိုးဘွားပိုင်မြေဧရိယာ ၁ ဒသမ ၀၀ ဧကအနက်မှ တောင်ဘက် မစိုးရိမ်ကျောင်းလမ်း၊ (မျက်နှာစာ အလျားပေ ၆၀ x အနံပေ ၈၀)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်များသည် မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဗိုင်နက်ဘီဘီ (ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁-၁-၁၉၉၃ရက်စွဲ ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၂၄/၀၃)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဦးရွှေဝင်း(PBDN- ၀၀၀၃၂၈)ထံ မှော်ဘီမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းစာချုပ်အမှတ်- B-V1-၆၁၀ (၈-ရ-၉၂)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ပြီးနောက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁-၁-၁၉၉၃ ရက်စွဲပါ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်မှတ်ပုံတင်အမှတ်-V-၁၃/၉၃ ဖြင့် ဦးရွှေဝင်းအား အပြီးအပိုင်ပေးကမ်းခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကြီးအနက်မှ မစိုးရိမ်ကျောင်းလမ်းမျက်နှာပြု (အလျားပေ၆၀ x အနံပေ ၈၀)မြေကွက်နှင့် ပြည်လမ်းမျက်နှာစာပြုပေ(၁၄၀ x ၇၀) မြေကွက်တို့အား ၂၂-၃-၁၉၉၃ ရက်စွဲပါ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော ကိုယ်စားလှယ်လွှဲစာဖြင့် ကျွန်ုပ်မိတ်ဆွေကြီး ဒေါက်တာစန်းစန်းမြင့်+၁ ထံ ဦးရွှေဝင်းက လွှဲအပ်ရောင်းချခဲ့ရာ လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေကြီးများဖြစ်သူ ဒေါက်တာ ဒေါ်စန်းစန်းမြင့်+၁ က သဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ မြေပုံကူးယူခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို ပြင်းထန်စွာတားမြစ်ပါကြောင်းနှင့် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတော်တွင် တရားစွဲတောင်းဆိုတော့မည်ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်ကြီးအတွက် ရောင်းမှားဝယ်မှားဖြစ်ပါက လူကြီးမင်းတို့တာဝန်သာကျရောက်လိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါက်တာဒေါ်စန်းစန်းမြင့် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၅/၈-၂-၂၀၀၅)**
**တိုက်အမှတ်-၂၀၉၊ အခန်းအမှတ်-3-A အင်းဝလမ်း၊ (၆) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၁၂၀၂၂၀၈၊ ၀၉-၇၇၃၁၁၆၈၅၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ ဒေါ်ထားထားနွယ် ၉/မထလ(နိုင်)၀၆၁၀၆၀ (ဘ) ဦးစိန်ဝင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၉၉၂)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၆၈/၂၀၂၃(၅-၄-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိဝင်း ၇/ဒဥန(နိုင်)၁၆၈၉၉၇ (ဘ) ဦးသိန်းရွှေမှ ဦးစည်သူမောင် ၁၂/ကမရ(နိုင်)၀၀၃၃၅၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ ဒေါ်နုနုရွှေ ၁၂/ဥကတ(နိုင်)၀၇၂၉၀၃ (ဘ) ဦးပါငယ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၆၈၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၁/၂၀၂၃ (၇-၂-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးပြည့်ဖြိုးအောင် ၅/ရဥန(နိုင်)၀၆၆၃၀၈ (ဘ) ဦးမြတ်မောင်မှ ဒေါ်ကေခိုင်စိုး ၁၄/မမန(နိုင်)၁၄၂၃၂၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၈၃/တောင်ညို အနောက်)၊ မြေကွက်အမှတ်(ဈ/၆)၊ မြေဧရိယာ ၂ ဒသမ ၅၀ ဧကရှိမြေသည် ဦးမောင်ခိုင်အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် အမှတ်တွဲအမှတ် RP No.128/V/2016 (30Years) နှင့် မြေငှားဂရန် သက်တမ်းမှာ ၂၉-၁၂-၂၀၀၆ မှ ၂၈-၁၂-၂၀၃၆ ရက်ထိဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန်အား ဦးမောင်ခိုင် (ဘ) ဦးတင်အောင်မှ ၁၄-၉-၂၀၁၄ ရက်တွင် ဦးစောဝင်းထွန်း(ဘ) ဦးတင်ဝင်း ၉/မရမ(နိုင်)၀၈၀၃၆၂ သို့ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ကြောင်း၊ ၁၅-၁-၂၀၂၀ ရက်တွင် ဦးမောင်ခိုင် (ဘ) ဦးတင်အောင်မှ (အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးစောဝင်းထွန်းမှ လက်မှတ်ရေးထိုးသည်) ဒေါ်နီလာအေး (ဘ)ဦးလှမောင် ၉/သပက(နိုင်)၀၃၄၉၄၈ ထံသို့ မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချခဲ့ပါသည်။ ယခုအခါ မြေကွက်ပိုင်ဆိုင်သူဖြစ်သည့် ဒေါ်နီလာအေးအမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်၍ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက် အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-IV) ကွက်ပြင်၊ ဦးပိုင်အမှတ် (၆က/၁၆၄)၊ မြေကွက်အမှတ်(19/430) မြေဧရိယာအကျယ်အဝန်း ၀ ဒသမ ၁၄၇ ဧကကို ဦးကျော်စွာစိုး ၁၂/အလန(နိုင်)၀၃၄၂၈၄ ထံမှ ဒေါ်နန္ဒာလှိုင် ၁၀/မလမ(နိုင်)၀၀၀၃၉၈ က(အရပ်ကတိစာချုပ်) ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန္ဒာလှိုင်** | **ဦးနေမျိုးဇော်(LL.B,D.B.L) ဒေါ်ဇင်မာမြင့်(LL.B,LL.M)** |
| **၁၀/မလမ(နိုင်)၀၀၀၃၉၈** | **တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ** |
| | **အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊** |
| | **ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/ အကွက်အမှတ် (၇/ပဒေသာ )၊ ဦးပိုင်အမှတ် (၃၀၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကမြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်ခိုင်ဇာလွင် ၅/ရဘန(နိုင်)၁၃၂၃၉၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သဒ္ဒါရုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၂၈၃)၊ အကျယ်အဝန်း (အလျား၄၅ပေxအနံ၆၀)ပေရှိ ဒေါ်ဝင်းဝင်းခိုင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၃၀x၆၀)ရှိ (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်တိုက်အိမ်တစ်လုံး အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်များအား ဒေါ်နော်လားဆက် ၁၂/ဥကမ(နိုင်)၀၀၄၅၉၁ မှ ၎င်းလက်ဝယ်ထား ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုသန့်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ယုယုသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုကို LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၂)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၄၄၄၅၀၅၆၃၆၊ ၀၉-၉၄၀၇၂၅၅၈၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မေတ္တာလမ်းမကြီး၊ တိုက်အမှတ် (၂၆၂/က+ခ)၊ မြေပေ အကျယ်ပေ(၄၀x၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈ ၁/၂)ထပ်RC အဆောက်အအုံမှ ခေါင်းရင်းခြမ်းရှိ တတိယထပ်(၄-လွှာ/A)၊ အကျယ်အဝန်း (၁၇x၅၄)ပေ၊ အမြင့်(၉)ပေရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ရောင်းချသူ ဦးခိုင်ဝင်း ၁၀/မလမ(နိုင်)၁၅၂၁၂၃ က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်သန်းလွင် ၁၂/စခန(နိုင်)၀၄၂၇၅၉ (ဘ) ဦးအုန်းလွင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၃၃၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၈၂/၂၀၂၃(၂၁-၃-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမျိုးအောင် ၁၂/ဗတထ(နိုင်)၀၂၂၆၁၇ (ဘ) ဦးထွန်းအောင်မှ ဒေါ်ယုဇလှိုင် ၁၂/ဥကမ(နိုင်)၂၀၇၇၃၇မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၅) ရပ်ကွက်၊ အကွက်အမှတ် (၃)၊ အကွက်အမည်-ရှမ်းကုန်း၊ ဦးပိုင်အမှတ် (၄၇-က)၊ ဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိမြေကို (ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်စန်းမြင့်ချို ၉/ညဥန(နိုင်)၀၀၉၂၈၃ မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လို သူများရှိပါက ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ညောင်ဦးမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၉)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၂x၆၃ လမ်းကြား၊ သခင်ဖိုးလှကြီးနှင့် ယောမင်းကြီးလမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ (ခင်ပွန်း)ဦးဆာဂျစ်ဆင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဟာဂျီကော့ ၉/မနမ(နိုင်)၁၀၂၁၇၄ က အမွေဆက်ခံကြောင်းနှင့်ငွေသွင်းပြေစာမူရင်း(၂)စောင်၊ ဘဏ်ချလန်မူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ ဘောဂရန်စာချုပ်၊ သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## (၁၇-၆-၂၀၂၂)မှ (၁၇-၆-၂၀၂၃)
## ချစ်မေမေ ဒေါ်ခင်ကြိုင်

ဖေဖေနဲ့ သားတို့သမီးတို့ကို ခွဲခွာသွားတာ (၁၇-၆-၂၀၂၃) ရက်နေ့ဆိုရင် တစ်နှစ်တိတိပြည့်ခဲ့ပါပြီ။ သားတို့မိသားစုနှင့် မြေးတွေပါ တစ်ရက်မှ မေ့မရခဲ့ပါ၊ မေမေခွဲသွားတဲ့ တစ်နှစ်ပြည့်တဲ့ရက်မှာ မေမေ့ကို ရည်စူး၍ ဘုရားအမှူးပြုတဲ့ သံဃာတော်အရှင် သူမြတ်များကို ဒါနမှု၊ သီလမှု၊ ဘာဝနာမှု အစုစုကို လှူဒါန်းပူဇော်ပြီး မေမေ့အတွက် သားတို့သမီးတို့က ကျေးဇူးဆပ်အမျှ ဝေပေးမှာဖြစ်လို့ မေမေ ရောက်တဲ့နေရာ၊ ရှိတဲ့နေရာ၊ သိတဲ့အရပ်ကနေ သာဓုခေါ်၍ မြင့်မြတ်သော ဘုံဘဝကို တက်လှမ်းနိုင်ပါစေ.......။

**ချစ်စွာဖြင့်**
**ဖေဖေ၊ သားသမီးများနှင့် မြေးများ**

## ဦးအောင်ကြည်
### စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန(ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄)လမ်း၊ အမှတ် (116-B)နေ (ဦးထွန်းမောင်-ဒေါ်သန်းရှင်)တို့၏ သား၊ ဒေါ်သန်းသန်း(စည်ပင်ဦးစီး-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြခင်၊ (ဒေါ်စိန်သန်း)၊ ဒေါ်မြစန်းစန်း၊ ဒေါ်သန်းသန်းလှတို့၏အစ်ကို တူ၊ တူမ (၁၂)ယောက်တို့၏ဘကြီး၊ မြေး (၁၀)ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၂၃ရက် ည ၉နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ၁၅-၆-၂၀၂၃ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၂၃ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးတင်လွှာ

၉-၆-၂၀၂၃ရက်နေ့က ကွယ်လွန်သွားသော ပါမောက္ခ(ငြိမ်း)ဒေါက်တာ ဦးမြသောင်း(ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး)အသက် (၉၀) နှစ် နာမကျန်းဖြစ်စဉ်မှ ကွယ်လွန်ပြီး ရက်လည်ဆွမ်းကပ်လှူသည်အထိ အစစအရာရာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးပါသော ပင်လုံဆေးရုံကြီးမှ CEO, MD နှင့် အုပ်ချုပ်ရေးအဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် ကုသပေးကြသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ အားလည်းကောင်း၊ ခန္ဓာကိုယ်လှူဒါန်းရာတွင် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော ဆေးတက္ကသိုလ်(၁)မှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ E-mail များဖြင့်လည်းကောင်း၊ Social Media မှလည်းကောင်း၊ သတင်းစာ များမှလည်းကောင်း၊ ဝမ်းနည်းကြောင်း ပေးပို့ကြသော လူပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့များအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းပေးပို့သူများ၊ လှူဖွယ်ပစ္စည်းများနှင့် စားဖွယ်ရာများ ပေးပို့ပေးကြသူများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကို ညီုးငယ်စွာဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မီမီဘော်(ခ)ဒေါ်မေမေခင်
### အသက်(၈၅)နှစ်

မန္တလေးမြို့၊ ၈၁လမ်း၊ ၂၅လမ်းထောင့်၊ ပိုက်ကျုံးညွှန့်တိုက် နေ ၊ပိုက်ကျုံးညွှန့် သစ်စက် သီရိပျံချီ(ဦးစံလှပေါ်-ဒေါ်ဒေါ်ဒီ) တို့၏ သမီးထွေး၊ ဦးမြင့်ကို၏ဇနီး၊ ဦးသန့်နေမျိုး၊ဦးဝင်းသိန်း-ဒေါ်မေစန္ဒီဝင်း၊ ဦးအောင်ကျော်မြင့်-ဒေါ်မေငုဝါဝင်း၊ ဦးတင့်လွင်သောင်း-ဒေါ်မေသော်တာဝင်း၊ (ဦးညီဝင်းကို) တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့ ၏ ချစ်လှစွာသော အဘွား၊ ပြင်ဦးလွင်မြို့၊ ရိပ်သာလမ်း၊ ချယ်ရီလမ်းဟောင်းနှင့် ပိတောက်လမ်းကြား၊ အမှတ် ၅၅/က နေ ဒေါ်မီမီဘော်(ခ) ဒေါ်မေမေခင် အသက်(၈၅)နှစ် သည် ၁၅-၆-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၀၀:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင် ရှစ်မိုင် သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး ၁၇-၆-၂၀၂၃ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးတင်မောင်သက်
### အသက်(၅၅)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် (၃/၃၅)နေ (ဦးလှသောင်း)-ဒေါ်ခင်ခင်တို့၏သား၊ (ဦးတင်ဦး)-ဒေါ်စန်းနွဲ့၏ညီ၊ ဦးတင်ကိုကို-ဒေါ်အေးအေးမူ၊ ဦးတင်မောင်လတ်-ဒေါ်အေးအေးမော်တို့၏ ညီ/မောင်၊ ဦးတင်မောင်သန့်-ဒေါ်မိုးမိုးလွင်၊ ဦးတင်ကိုကိုထွန်း-ဒေါက်တာ သီတာမိုးတို့၏အစ်ကို၊ ဒေါ်စန္ဒာဦး၏ခင်ပွန်း၊ မကျော်ဖြူစင်သက်၏ဖခင်၊ ဦးတင်မောင်သက် အသက် (၅၅) နှစ်သည် ၁၄-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညိုးငယ်စွာအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## Mary Patricia Zel Ngaih Niang
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၃နေ (Dr.Song Za Tual-Rtd Medical Superintend)၏ ချစ်ဇနီး Mary Patricia Zel Ngaih Niang, (Tg.Lang Za Naw),Nu Uap Khan Lun(USA),Pa Cin Lam Mang-Nu Cin Khan Ciin(USA),Tg.Do Khan Kam,Pa Vum Za Cin-Daw စန်းကိုင်မရန်(USA),Lia Niang Khat Man တို့၏ ကျေးဇူးရှင် မွေးမိခင်၊မြေးလေးယောက်တို့၏ အဘွားသည် ၁၄-၆-၂၀၂၃ရက် တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၆-၂၀၂၃ရက် မွန်းလွဲ ၁ နာရီတွင်ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပါမည်။

(ဖာတီမာ ဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့မှတ်တိုင်နှင့် နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁) ကျောင်း Grade-8 မှ မပြည့်ပြည့်ရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းဆွေ ၉/စကန(နိုင်)၀၀၀၇၂၆ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းဆွေ**
**၉/စကန(နိုင်)၀၀၀၇၂၆**

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့၊ ရပ်ကွက်(၂)၊ ဗိုလ်ချုပ်လမ်းတွင် နေထိုင်သူဒေါ်ယွန်းမီမီ ၁၃/လခန(နိုင်) ၀၅၇၃၁၅၏ ဖခင် ဦးစိုင်းဘွမ်းနှင့် ဦးတင်ဝင်း(ခ)တူဆင်းအာမတ် ၁၃/လခန(နိုင်)၀၂၀၄၅၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆၊ မြေကွက်အမှတ်- ၁၁၇၊ ဧရိယာ- ၀. ၀၅၆ ဧက (၄၁ ပေ × ၆၀ ပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဦးဝင်းသိန်း (ခ) လော်ဝင်းသိန်း (၁၂/ဥကတ (နိုင်) ၁၃၅၂၅၁) ၏အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၆) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၁၇) ဟုခေါ်တွင်သည့် (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဝင်းသိန်း (ခ) လော်ဝင်းသိန်းထံမှ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်- ၂၀၄၂/၂၀၂၂ ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ချိုချိုလှိုင် (၁၂/ဥကတ (နိုင်) ၁၀၄၇၀၄) ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်မို့မို့ကို (၁၂/ဒဂတ (နိုင်) ၀၇၃၃၆၁) မှ အပြီးအပိုင်ဝယ်ယူခဲ့ပြီးနောက် ဒေါ်အေးအေးမော် (၁၂/အစန (နိုင်) ၁၀၀၆၀၈) အမည်ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်- ၁၆၆၀/၂၀၂၃ (၂၆-၁-၂၀၂၃) ကို ရယူထား၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်အေးအေးမော် နှင့် ဒေါ်မို့မို့ကို တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ-
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကောင်းထက်ကျော်အမည်ရှိ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်၊ ငါးဖမ်းရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0134/22)ရေယာဉ်၏ တန်ချိန်-၁၉.၃၃ အား ဂရန်အမည် ပေါက်ပိုင်ရှင်ဖြစ်သော ဦးမြမျိုးလွင် ၆/ပလန (နိုင်)၀၄၃၄၃၂ အမည်မှ ဦးခင်ရှိန် ၆/ပလန(နိုင်)၀၃၅၃၉၁ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4562၊ 3C/4568၊ 3C/5621၊ 3C/5623၊ 3C/5619၊3C/4566၊ 3C/4565၊ 3C/5617၊ 4B/9833၊ 4B/9204 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အောင်ချမ်းနောင်-၁ အမည်ရှိ မြိတ်ခရိုင် ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0168/22)ရေယာဉ်၏ တန်ချိန်-၃၈.၀၈ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးမြမျိုးလွင် ၆/ပလန(နိုင်)၀၄၃၄၃၂ အမည်မှ ဦးခင်ရှိန် ၆/ပလန(နိုင်)၀၃၅၃၉၁ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့် အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် (၉၁)၊ ဧရိယာ ၀.၀၇၃ဧကအား ဒေါ်အိအိခိုင်(ဘ)ဦးညာဏ်ရင် ၉/ပမန(နိုင်)၁၄၁၉၁၈မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၇၅၀/၂၀၂၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ(၉)လမ်း၊ အမှတ်(၅၈၁) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ၃-လွှာ(အေ) (အဆောက်အဦဘက်မျက်နှာမူလျှင် ဝဲဘက်) တိုက်ခန်း အရောင်းအဝယ်ပြုခြင်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် တွယ်စပ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းစွာ တရားဝင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ မသိမ့်သိမ့်ထွန်း(၉/ခမစ(နိုင်)၀၄၀၅၅၅) ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောလယ်ဂေထူး**
**(၀၉ - ၉၇၉၆၆၆၅၃၅)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က)၊ စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်-၁/၂-၅၀၊ မြေဧရိယာ ဝဒသမ၁ဝဝ ကေအနက်မှ (က)အမှတ်ပြမြေဧရိယာ ဝဒသမဝ၃၃ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၅၇/၂၀၂၂-၂၀၂၃အရ ဒေါ်တင်ဝင်းအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်ရရှိသူ ဒေါ်တင်ဝင်းမှ ဒေါ်ယုယု ထွေးအား ၁၇-၃-၂၀၂၃ရက်တွင် ဂရန်(မြို့မြေ)မြေကွက်အား မေတ္တာဖြင့် ပေးကမ်းသည့် စာချုပ်အမှတ် (၅၃/၂၀၂၃)ဖြင့် စွန့်လွှတ်ပေးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ယုယုထွေး ၆/ပလန(နိုင်)၀၅၄၄၃၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အမည်ပြောင်း

ဦးအောင်ဇော်မိုး ၅/ဆလက(နိုင်)၀၆၀၀၂၀ ၏သား ဟုမ္မလင်းမြို့နယ် အလက(နောင်ခဲ)G.5 မှ မောင်သွန်းဆက်အောင် အား မောင်ဇေယျထူးအံ့ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အောင်အောင်မိုး-၁ အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် FMD/0180/09) ရေယာဉ်၏ တန်ချိန်-20.00 အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးမြမျိုးလွင် ၆/ပလန(နိုင်)၀၄၃၄၃၂ အမည်မှ ဦးခင်ရှိန် ၆/ပလန(နိုင်)၀၃၅၃၉၁ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/79111, Honda Scoopy 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလွင် ၁၄/ဖပန(နိုင်)၁၁၅၅၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ဖျာပုံမြို့)**

**❖ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရင်းနှီးမြှုပ်နှံခြင်း ဟာ အနာဂတ် နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာ အခိုင်အမာဖြစ်စေပါလိမ့်မယ်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၄.၁.၂၀၂၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သင်္ကယ်ပြင် IDP Camp သို့ သွားရောက်၍ တွေ့ဆုံအမှာစကားပြောကြား၊ စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်းပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ခရစ်ယာန်ဘာသာရေးအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## မိုခါရန်ပုံငွေ ဘောလုံးပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၅**

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအဖြစ် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ ပူးပေါင်း၍ ဘောလုံးပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်ဘောလုံးအသင်း Movie FC၊ ဂီတဘောလုံးအသင်း Music FC၊ Forever FC ဘောလုံးအသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်း Old Star FC တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုသို့ကျင်းပမှုများကို ဇွန် ၁၆ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ ရုပ်ရှင်ဘောလုံးအသင်း Movie FC နှင့်၊

*စာမျက်နှာ ၈ ကော်လံ ၁* ◆

### ယနေ့ သတင်းအညွှန်း

**စနေဂြိုဟ်၏ လပေါ်မှ ရေခဲ့ သက်ရှိများ အသက်ရှင်သန်ရန် လိုအပ်သည့် ဖော့စဖရတ်ဓာတ် ပါဝင်ကြောင်းတွေ့ရှိ**
နိုင်ငံတကာသတင်း စာ ၁၃

**ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နိုင်ငံတကာခြေစမ်းပွဲတွင် မြန်မာအမျိုးသား လက်ရွေးစင်ဘောလုံးအသင်း ယှဉ်ပြိုင်မှုများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်**
ပြည်တွင်းသတင်း စာ ၁၈